# ရတနာပုံ

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၇) ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-10-2024)၊ အတွဲ (၃၃)၊ အမှတ် (၁၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ နက္ခတ်တာရာပြခန်းကို အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုနှင့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းသို့ သွားရောက်၍ နက္ခတ်တာရာပြခန်းကို အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုအခြေအနေများနှင့်မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက နက္ခတ်တာရာပြခန်းသမိုင်းကြောင်းနှင့် ပြခန်းဆိုင်ရာအချက်အလက်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ

၂၀၂၄ ခုနှစ် အောက်တိုဘာ ၉ ရက်

**အယ်ဒီတာ့အာဘော်**

# လူသားများကြား ချစ်ကြည်ရင်းနှီးမှုကိုတိုးစေသော စာပို့လုပ်ငန်းများ

စာပို့လုပ်ငန်းသည် ကမ္ဘာတစ်ဝန်းရှိ လူသားတိုင်းနှင့် သက်ဆိုင်သောလုပ်ငန်းဖြစ်သည်။ နိုင်ငံတကာဆက်သွယ်ရေးကိစ္စများတွင် စာပို့လုပ်ငန်းသည် မရှိမဖြစ်သောအရာဖြစ်သည်။ စာပို့လုပ်ငန်းသည် ၁၆ ရာစုမှစ၍ အများပြည်သူနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ရသောလုပ်ငန်းဖြစ်လာခဲ့သည်။

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union – ယူပီယူ)ကို ၁၈၇၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဌာနချုပ်ရုံးအခြေစိုက်ရာသည် ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ဖြစ်သည်။ ယူပီယူတွင် အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိပြီး ကမ္ဘာ့တစ်ဝန်းတွင် စာပို့တိုက်စခန်းပေါင်း ခြောက်သောင်းကျော်ကို ချိတ်ဆက်ပေးထားသည့် တစ်ခုတည်းသောကမ္ဘာ့စာပို့တိုက်ကွန်ရက်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ စာတိုက်ဝန်ထမ်းများကို ဂုဏ်ပြုသောအားဖြင့် ယူပီယူစတင်တည်ထောင်ခဲ့သည့် အောက်တိုဘာလ ၉ ရက်နေ့ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ် သတ်မှတ်ခဲ့သည်ဟုသိရသည်။

ယနေ့သည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏ နှစ် ၁၅၀ ပြည့်မြောက်နေ့ဖြစ်ပြီး အထိမ်းအမှတ်ဆောင်ပုဒ်ကို "မြေကမ္ဘာအနှံ့ စာပို့ဝန်ထမ်းရွက် နှစ် ၁၅၀ တိုင် မပျက်ကွက်ခဲ့"ဟူ၍ ကမ္ဘာ့နေရာအနှံ့အပြားတွင် အများပြည်သူအကျိုးရှေးရှု၍ နေ့စဉ်မပျက်မကွက် စာပို့ဝန်ဆောင်မှုလုပ်ငန်းများကို ထမ်းဆောင်နေကြသူများအတွက် ဂုဏ်ပြုသည့်အနေဖြင့် ဖော်ညွှန်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စာပို့တိုက်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာ့စာပို့တိုက်ကွန်ရက်ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ၁၉၄၉ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ယူပီယူအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ယူပီယူအဖွဲ့ဝင်နိုင်ငံများနှင့် ချိတ်ဆက်၍ အပြည်ပြည်ဆိုင်ရာချောပစ္စည်းများကို လက်ခံ၊ ပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာ့စာတိုက်လုပ်ငန်းသည် ယူပီယူ၏ IPS. Post System စနစ်ကို အသုံးပြုကာ အပြည်ပြည်ဆိုင်ရာ ချောပေးပို့ခြင်း၊ လက်ခံခြင်းများတွင် ဆောင်ရွက်ရမည့်အဆင့်များကို လိုက်နာဆောင်ရွက်ခဲ့သည်။ ထိုသို့လိုက်နာဆောင်ရွက်မှုများကြောင့် Quality Control System ဖြင့် အစစ်ဆေးခံရာတွင် Quality of Service Entry Levelကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ UPU Quality Management Certification Level A (Gold)အဆင့်ကို ၂၀၂၀ ပြည့်နှစ်တွင် လည်းကောင်း ထိုက်တန်စွာရရှိခဲ့သည့်အတွက် နိုင်ငံတကာအလယ်တွင် မျက်နှာမငယ်စေဘဲ မျက်နှာပန်းလှသည့် မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် ရပ်တည်နိုင်ခဲ့သည်။

ကမ္ဘာတစ်ဝန်း မြို့ပြနှင့် ကျေးလက်ဒေသပါမကျန် စာပို့ဝန်ဆောင်မှုများ ရရှိနိုင်စေရေး ကမ္ဘာလုံးဆိုင်ရာ စာပို့တိုက်ကွန်ရက် ထူထောင်လျက်ရှိရာ နည်းပညာမြင့်မားလာမှုများကြောင့် စာပေးပို့မှုလျော့နည်းလာခဲ့သော်လည်း e-commerceများ ဖြစ်ထွန်းလာမှုကြောင့် ပါဆယ်များပေးပို့မှု မြင့်တက်လာခဲ့ပြီး ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသော ဒစ်ဂျစ်တယ်နည်းပညာနှင့် အိုင်စီတီနည်းပညာဖွံ့ဖြိုးတိုးတက်မှုများက ကမ္ဘာတစ်ဝန်းရှိ စာပို့တိုက်လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများရှိလာသည်။ ထိုသို့ ပြောင်းလဲလာသောနည်းစနစ်များကို နည်းပညာအသုံးပြု၍ ပြုပြင်ပြောင်းလဲမှုများ အစဉ်တစိုက်ဆောင်ရွက်နေသည့်အတွက် ယူပီယူအဖွဲ့ဝင်နိုင်ငံများသည် ခေတ်နောက်ကျမကျန်ရစ်ခဲ့ဘဲ ချောစာ/ပစ္စည်းပေးပို့မှုအပြင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်း နိုင်ငံတွင်းနှင့် အခြားနိုင်ငံများအကြား ပေးပို့ဆောင်ရွက်လာနိုင်စေရန် ယူပီယူက စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ၏လုပ်ငန်းသည် တစ်ကမ္ဘာလုံးရှိ လူသားတိုင်းနှင့် သက်ဆိုင်ပြီး နယ်နိမိတ်အကန့်အသတ်မရှိသော လုပ်ငန်းဖြစ်သည်။ နိုင်ငံမရွေး၊ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး ပုံမှန်ဆက်သွယ်မှုပြုလုပ်ရာ၌ စာပို့ဌာနများ၏ကဏ္ဍသည် အရေးပါသည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင် စာပို့ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူအကျိုးရှေးရှု၍ နေ့စဉ်မပျက်မကွက်ထမ်းဆောင်ခဲ့မှုကြောင့် နိုင်ငံအချင်းချင်း၊ လူသားအချင်းချင်းကြား ချစ်ကြည်ရင်းနှီးမှုများကိုတိုးတက်စေသည့် စာတိုက်ဝန်ထမ်းများ၏ဆောင်ရွက်ချက်များကို ဂုဏ်ပြုသောအားဖြင့် ရေးသားလိုက်ရပါသည်။

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၅၂၈၀ စိုက်ပျိုးသွားမည်

**ကသာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ဧက ၅၂၈၀ စိုက် ပျိုးသွားမည် ဖြစ် ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၃၅ ဧက၊ အင်းတော်မြို့နယ်တွင် ၂၀၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၄၆၀၅ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၁၃၅ ဧက စုစုပေါင်း ဧက ၅၂၈၀ ဖြစ်ကြောင်းသိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကသာခရိုင်အတွင်း ပဲပုပ် ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်သွားမယ်။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့နဲ့ တောင်သူတွေ သိရှိနိုင်ဖို့အတွက် နှိုးဆော်ထားပြီးလဲ ဖြစ်ပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် မန္တလေးနန်းမြို့ရိုး ကျုံးအနောက်ဘက် စည်ရှည်တံတားပြန်လည်တည်ဆောက်နေမှုစစ်ဆေး



**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ၁၉ လမ်း နန်းမြို့ရိုးနှင့် လမ်း ၈၀ ကြား စည်ရှည်တံတား ပြန်လည်တည်ဆောက်နေမှုကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းများပြီးစီးမှုအခြေအနေများ၊ ပင်မတံတား အရှည် ၆၆ ပေ သုံးလက်မ၊ ချဉ်းကပ်လမ်း (နန်းမြို့ရိုးဘက်ခြမ်း) ပေ ၈၀ လေးလက်မ၊ ချဉ်းကပ်လမ်း (လမ်း ၈၀ ဘက်ခြမ်း) ၈၄ ပေ ခုနစ်လက်မ စုစုပေါင်း တံတားအရှည် ၂၃၁ ပေ နှစ်လက်မ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် (ပင်မတံတား) လေးပေ ခြောက်လက်မ၊ လူသွားလမ်းအကျယ် (ချဉ်းကပ်လမ်း) ခြောက်ပေ ကိုးလက်မ၊ တံတားအမျိုးအစား အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ ကျွန်းတိုင်နှင့် ကျွန်းလက်ရန်းတန်း၊ ကိုယ်ထည် သံကူကွန်ကရစ်၊ တံတားခံနိုင်ဝန်နှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းသွားမည့်အခြေအနေ စသည့် တံတားတည်ဆောက်နေမှု၊ တံတားအချက်အလက်များနှင့် စပ်လျဉ်း၍ လိုက်ပါရှင်းလင်းပြသသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းတစ်ခုလုံး၏ ၂၆ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ သတ်မှတ်အချိန်မီပြီးစီးရန် စီမံဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေးတို့ကို ပြောကြားခဲ့ပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု ဂျိုးရွာကျေးရွာရှိ နေအိမ်များတွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးကျော်

# ပုသိမ်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၃၆၉ ဧက စိုက်ပျိုးပြီးစီး

**ပုသိမ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၃၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၃၆၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်သီးနှံတွေအပါအဝင် မိုးသီးနှံတွေစိုက်ဖို့ တောင်သူတွေရဲ့ လိုအပ်ချက်တွေကို ပြင်ဆင်တာတွေ လုပ်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ အစားထိုး ဓာတ်မြေဩဇာတွေ လုပ်ဆောင် အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက ပို့ချပေးပါတယ်။ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်သီးနှံကို အများဆုံး လျာထားစိုက်ပျိုးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၃၆၉ ဧကစိုက်ပျိုးရာတွင် နှမ်း ၃၅ ဧက၊ ပဲစင်းငုံ ၅၂ ဧက၊ ငရုတ် ၃၇၆ ဧက၊ ဟင်းသီးဟင်းရွက်စုံ ၉၀၆ ဧကဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံများ ပိုးမွှားရောဂါ ကင်းရှင်းစေရေး၊ ဈေးကွက်ဝင် အထွက်နှုန်းကောင်းမျိုးစေ့များ ရွေးချယ်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်ဆက်စပ်သည့် ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဒေါ်ရွှေဝါမိသားစုက ခင်ပွန်းဖြစ်သူ ဦးအောင်ထက်အားရည်စူး၍ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၄၂၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၆၄ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၂၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငရုတ် ၁၀၉၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၆၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ် ၁၀၉၅ ဧကစိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၁၂၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငရုတ်ကို စီးပွားဖြစ် စိုက်ပျိုးကြဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၀၁ ဧက၊ ကနီမြို့နယ်တွင် ၁၅၆ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၆၈၅ ဧကနှင့်ပုလဲမြို့နယ်တွင် ၂၂ ဧက စုစုပေါင်း ၁၂၆၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၈၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၆၉၀ နှင့်ပုလဲမြို့နယ်တွင် ဧက ၂၀ စုစုပေါင်း ၁၀၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငရုတ်သီးနှံစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက ငရုတ်အထွက်နှုန်းကောင်းမွန်ရန်၊ စိုက်ပျိုးနည်းစနစ် ပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်းပညာပေးခြင်း စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ရုံးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**သာစည် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တိုကျေးရွာအုပ်စု ရုံးတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ရုံးတောကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ ကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ရုံးတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် နိုင်ငံတော် ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ ဒသမ ၆ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ ပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လတတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရွှေသောင်ယံကမ်းခြေသို့ စက်တင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၆၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့

**ပုသိမ် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၆၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်းခရီးသွားတာဝန်ခံဒေါ်ချယ်ရီ မြင့်ကပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၀၉၇၆ ဦးထိသာ လာရောက်လည်ပတ်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၆၅၄၆ ဦးထိ လာရောက်လည်ပတ်ခဲ့သည်။

''ရွှေသောင်ယံကမ်းခြေကို ပြီးခဲ့တဲ့ စက်တင်ဘာလထဲမှာ ခရီးသွားဧည့်သည် ၁၆၅၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ဧည့်သည်တွေထဲမှာ နေ့ချင်းပြန်လာတဲ့ ဧည့်သည်တွေများပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကိုလာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားတွေပါလာခဲ့တာတွေ့ရတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်အပါအဝင် ဟိုတယ်နှင့်တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း အလုံး ၂၀ ခန့်ဖြင့် ကမ်းခြေသို့လာသည့်ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အဆိုပါကမ်းခြေတွင် ခရီးသွားဧည့်သည်များ စနစ်တကျအနားယူ အပန်းဖြေနိုင်ရန် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းအသင်းများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ကမ်းခြေစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ကလျာဏီသိမ်နှင့် ကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ထေရဝါဒဗုဒ္ဓဘာသာကို ပြည်သူအများ အစဉ်အဆက်ယုံကြည်ကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အအုံများကို ခေတ်အဆက်ဆက်တည်ဆောက်ခဲ့ကြရာ သိမ်အဆောက်အအုံများလည်း အပါအဝင်ဖြစ်သည်။

ဗုဒ္ဓသာသနာတော်တွင် သိမ်သည် အလွန်အရေးကြီးသည့်အဆောက်အအုံဖြစ်၍ ရဟန်းပြုကာ သာသနာ့ဘောင်သို့ ဝင်ရောက်သူတိုင်းသည် သိမ်အဆောက်အအုံအတွင်း၌ ကမ္မဝါညှပ်ပြီးမှသာ ရဟန်းအဖြစ်သို့ ရောက်ရှိကြမြဲဖြစ်သည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် သိမ်များကို ပုဂံခေတ်ကတည်းကပင် တည်ဆောက်ခဲ့ကြသည်။

ဗုဒ္ဓသာသနာ ရေရှည်တည်တံ့နိုင်ရန် ရဟန်းများစဉ်ဆက်မပြတ်ရေးတွင် သိမ်မရှိလျှင် ရဟန်းမဖြစ်နိုင်သဖြင့် သာသနာတော်အရှည်တည်တံ့ခိုင်မြဲရေးတွင် သိမ်သည် အလွန်အရေးကြီးသည့် ရေသောက်မြစ်တစ်ခုဟုပင် ဆိုနိုင်ပေသည်။

**သီမာ ခေါ် သိမ်**

သိမ်ဟူသည့်ဝေါဟာရကို မြန်မာအဘိဓာန်တွင် "ရဟန်းတော်တို့ကံဆောင်ရာ နေရာအပိုင်းအခြား"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သိမ်ဟူသည့် ပါဠိသက်ဝေါဟာရသည် ပါဠိဝေါဟာရ သီမာမှဆင်းသက်လာကာ အပိုင်းအခြား နယ်ပယ်ဟု အဓိပ္ပာယ်ရှိသည်။ သံဃာတော်များသည် သိမ်အဆောက်အအုံတစ်ခုအတွင်း၌ အညီအညွတ် စုပေါင်း၍ ကံကြီးကံငယ်ဆောင်ကြရသည်။ ကံကြီးကံငယ်ဆောင်ခြင်းဟူသည် ရဟန်းများသာ ဆောင်ရွက်ရသည်။ ရဟန်းလောင်းကို ရဟန်းပြုပေးခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ကထိန်သင်္ကန်းပေးခြင်း စသည်တို့ဖြစ်သည်။

ကံကြီးကံငယ်တစ်ခုခုကို ဆောင်ရွက်လိုသောအခါ ရဟန်းတော်များသည် သိမ်အဆောက်အအုံတစ်ခုအတွင်း၌ စုဝေးကြရသည်။ ထိုသို့စုဝေးရာတွင် တစ်ပါးနှင့်တစ်ပါး နှစ်တောင့်ထွာအကွာအဝေး(၄၅ လက်မ)ထက် ပို၍မခြားစေဘဲထိုင်ကာ စည်းဝေးခြင်းကို ကာယသာမဂ္ဂီပေးသည်ဟုခေါ်သည်။ ကိုယ်ဖြင့် ညီညွတ်မှု၊ သဘောတူကျေနပ်မှုကိုပြသည်ဟု ဆိုလိုသည်။

သိမ်ကို အကြမ်းအားဖြင့် ဗဒ္ဓသိမ်နှင့် အဗဒ္ဓသိမ်ဟု နှစ်မျိုးခွဲခြားနိုင်သည်။ ဗဒ္ဓသိမ်သည် အနည်းဆုံးရဟန်း ၂၁ ပါး စည်းဝေးနိုင်သည့်အကျယ်အဝန်းရှိပြီး သိမ်အဖြစ်သမုတ်ထားသည့် နေရာဖြစ်သည်။ အဗဒ္ဓသိမ်သည် ရဟန်းကမသတ်မှတ်ရဘဲ အလိုအလျောက်သီးခြားသိမ်ဖြစ်နေသည့် နေရာဖြစ်သည်။ သိမ်အကြောင်းအသေးစိတ်ကို ပိဋကသုံးပုံ၊ သုတ်မဟာဝါကျမ်းတွင် လေ့လာနိုင်ကြသည်။

**သိမ်သမုတ်ခြင်း**

ဗုဒ္ဓဘာသာ၏ စည်းမျဉ်းများအရ အဆောက်အအုံတစ်ခုကိုဆောက်လုပ်ပြီး သိမ်ဟု အမည်ပေးရုံဖြင့် သိမ်မဖြစ်ဘဲ ဗုဒ္ဓအလိုကျ လုပ်ထုံးများအတိုင်း သိမ်ဖြစ်စေရန် သမုတ်ရသည်။

မြို့၊ ရွာ၊ နယ်တစ်ခုအတွင်း၌ သိမ်သမုတ်လိုပါက ထိုနယ်အတွင်းရှိ ရဟန်းများကို ပင့်ဆောင်ရသည်။ မလာရောက်နိုင်သော ရဟန်းများထံမှ သိမ်သမုတ်ရန် သဘောတူညီကြောင်းဆန္ဒကို ယူလာရသည်။ ရှေးက သိမ်တစ်ခုရှိခဲ့သည့်နေရာဖြစ်လျှင် ထိုသိမ်ပျက်ပြယ်သွားစေရန် သိမ်နုတ်ရသည်။ သိမ်ဟောင်းမရှိခဲ့ကြောင်းထင်ရှားလျှင် သိမ်နုတ်ရန်မလိုသော်လည်း အများအားဖြင့် သိမ်မတည်ဆောက်မီ သိမ်နုတ်လေ့ရှိကြသည်။ သိမ်သမုတ်နေချိန်တွင် ရွာနယ်အတွင်းသို့ အခြားရဟန်းများမလာရချေ။

သိမ်သမုတ်မည့်မြေကွက်ပတ်လည် အရပ်လေးမျက်နှာ၌ဖြစ်စေ၊ ရှစ်မျက်နှာ၌ဖြစ်စေ သိမ်နိမိတ်အဖြစ် ကျောက်တုံး၊ ရေ စသော အမှတ်နိမိတ်များကို ထားရှိရသည်။ ရှေးဦးဆောင်ရွက်ရသည့် ပုဗ္ဗကိစ္စများ ပြည့်စုံသောအခါ စွမ်းနိုင်သောရဟန်းတစ်ပါးက ယခုသမုတ်မည့်သိမ်၏ အရှေ့အရပ်၌ အမှတ်အသားနိမိတ်ကားအဘယ်ပါနည်းဟု မေးရသည်။ အခြားရဟန်းတစ်ပါးက ထိုအရပ်၌ တည်ရှိနေသောနိမိတ်အားလျော်စွာ ကျောက်တုံးပါဘုရား၊ ရေပါဘုရား စသည်ဖြင့် ဖြေကြားလျှောက်ထားရသည်။ ထိုအခါ ပထမရဟန်းက ဤကျောက်တုံးသည် ယခုသမုတ်မည့် သိမ်၏အမှတ်နိမိတ်ဖြစ်ကြောင်းကို သံဃာတော်များအား ပြောကြားကြေညာရသည်။



ပဲခူးမြို့ရှိ ကလျာဏီကျောက်စာတိုက်ကို တွေ့ရစဉ်။

ထို့နောက် လက်ယာရစ်အတိုင်း အရပ်မျက်နှာတစ်ခုချင်းစီကို နိမိတ်အမေးအဖြေပြုကာ တစ်ပေါင်းတည်းဥပုသ်ပြုရမည့် သိမ်သမုတ်ခြင်းကို ဆောင်ရွက်ကြရသည်။

**သမိုင်းဝင် ကလျာဏီသိမ်**

မြန်မာနိုင်ငံတွင် ထင်ရှားသောသိမ်များစွာရှိသည့်အနက် ပဲခူးမြို့ရှိ ကလျာဏီသိမ်သည် သမိုင်းဝင်ရှေးဟောင်းသိမ်တစ်ခုအဖြစ် ထင်ရှားသည်။ ဓမ္မစေတီမင်း(ခရစ်နှစ် ၁၄၇၂-၁၄၉၂)သည် ဟံသာဝတီ ပဲခူးဒေသတွင် ကလျာဏီသိမ်၊ နာရဏီသိမ်၊ နာဂဝံသိမ်၊ နိဗ္ဗာန်ကလိုင်သိမ်ဟူသည့် သိမ်ကြီးလေးသိမ်ကို တည်ဆောက်ခဲ့သည်။ ၎င်းတို့အနက် ဓမ္မစေတီမင်းကြီးနန်းတက်ပြီး ရှစ်နှစ်အကြာ ၁၄၈၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့သည့် ကလျာဏီသိမ်သည် ပဲခူးမြို့အနောက်ပိုင်း ကလျာဏီရပ်ကွက် ရွှေသာလျောင်းရုပ်ပွားတော်နှင့် မဟာစေတီသို့သွားသော လမ်း၏လက်ဝဲဘက်တွင် တည်ရှိသည်။ အုတ်တံတိုင်းကာရံထားသည့် ကျယ်ဝန်းသောမြေကွက်အတွင်း၌ ခံ့ညားကြီးမားစွာတည်ရှိနေသော ကလျာဏီအုတ်သိမ်တော်ကြီး၏အရှေ့တောင်ဘက်တွင် ကလျာဏီကျောက်စာရုံရှိသည်။

ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီး နန်းစံနေချိန်တွင် ရာမညတိုင်း၊ ဟံသာဝတီတွင် သံဃာတော်များသည် ဂိုဏ်းအမျိုးမျိုးကွဲပြားနေခဲ့သည်။ အချို့သောဂိုဏ်းများသည် ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်သော မှားယွင်းသည့်အယူများကို ကျင့်သုံးနေခဲ့ကြသည်။ ဓမ္မစေတီမင်းကြီးသည် ရဟန်းတို့၏ ရှင်ရဟန်းဖြစ်မှုသည် မစင်ကြယ်ဟုဆင်ခြင်မိသဖြင့် မောဂ္ဂလာမထေရ် အမှူးပြုသော ရဟန်းပညာရှိ ၂၂ ပါးကိုပင့်ဖိတ်၍ ရာမညတိုင်းတွင် ရဟန်းဖြစ်မှုအပေါ် ယုံမှားသံသယရှိကြောင်း လျှောက်ထားခဲ့သည်။ မင်းကြီးသည် အယူဝါဒနှင့် ဝိနည်းသိက္ခာ သန့်ရှင်းစင်ကြယ်သောရဟန်းများဖြင့် စင်ကြယ်သော သိမ်တစ်ခုကိုသမုတ်ရန် ဆန္ဒပြင်းပြခဲ့ကာ စင်ကြယ်သော ထိုသိမ်မှ သန့်စင်သောရဟန်းတော်များပေါ်ထွန်းလာရန် ဆန္ဒပြင်းပြခဲ့သည်။

ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ သာသနာတော် တည်သည်မှစ၍ ရှိနေခဲ့သည့် အယူသန့်ရှင်းစင်ကြယ်သော မဟာဝိဟာရဝါသီဂိုဏ်း သံဃာအနွယ်များသည် သူတစ်ပါးသူတို့၏ ကဲ့ရဲ့စွပ်စွဲခြင်းမှကင်းစွာ သီတင်းသုံးလျက်ရှိနေကြသည်။ ဓမ္မစေတီမင်းကြီးသည် ရာမညဒေသမှရဟန်းများကို မဟာဝိဟာရဝါသီရဟန်းတော်များထံမှောက်တွင် ဥပသမ္ပဒါကံဆောင်၍ စင်ကြယ်သောရဟန်းသစ်များအဖြစ် ခံယူစေရန် အာသီသရှိခဲ့သောကြောင့် ခရစ်နှစ် ၁၄၇၅ ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ရဟန်း ၄၄ ပါးကို စေလွှတ်ကာ ပဉ္စင်းသစ်များအဖြစ် ခံယူစေခဲ့သည်။ ထိုရဟန်း ၄၄ ပါးတို့သည် ၁၄၇၆ ခုနှစ် ဇူလိုင် ၁၆ ရက် (သက္ကရာဇ် ၈၃၈ ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၁ ရက်)မှစ၍ ဓမ္မကိတ္တိမဟာထေရ်အမှူးပြုသော သီဟိုဠ်ရဟန်းနှစ်ပါးထံမှောက်တွင် လက်ရှိ ရဟန်းအဖြစ်မှ လူဝတ်လဲကာ သာမဏေပြန်ဝတ်ကြပြီးမှ ပဉ္စင်းပြန်တက်၍ သန့်စင်သောရဟန်းသစ်များအဖြစ်ကို ခံယူခဲ့ကြသည်။ ရဟန်းတော် ၄၄ ပါးတို့သည် သီဟိုဠ်ရှိ ကလျာဏီမြစ်အတွင်း လှေဖောင်ပေါ်၌ လေးကြိမ်တိုင် ကမ္မဝါပြုကာ ရေသိမ်တွင်ရဟန်းခံပြီး ပဉ္စင်းသစ်များဖြစ်လာခဲ့ကြသည်။

ထိုရဟန်းများသည် ဟံသာဝတီသို့ ပြန်လည်ရောက်ရှိလာပြီးနောက် ဓမ္မစေတီမင်းကြီးတည်ထားသောသိမ်ကို ၁၄၇၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက် (သက္ကရာဇ် ၈၃၈ ခုနှစ် နတ်တော်လဆန်း ၈ ရက်) တနင်္ဂနွေနေ့တွင် သိမ်သမုတ်ခဲ့သည်။ အဆိုပါသိမ်ကို သီဟိုဠ်ကျွန်း၊ ကလျာဏီမြစ်၊ ရေသိမ်တွင် ပဉ္စင်းအဖြစ်သို့ရောက်ရှိခဲ့ကြသော ရဟန်းသစ်များက သိမ်သမုတ်ခဲ့ကြသောကြောင့် ကလျာဏီသိမ်ဟု အမည်ပေးခဲ့သည်။ ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်သာသနာပိုင် ဝနရတနကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်ခံယူခဲ့သော သုဝဏ္ဏသောဘနမဟာထေရ်ကို ရာမညတိုင်း သံဃာ့ရာဇာနှင့် ကလျာဏီသိမ်ကျောင်း၏ ပထမဆရာတော်အဖြစ် ရွေးချယ်ချီးမြှောက်ခဲ့သည်။ ထို့နောက် ကလျာဏီသိမ်တွင် ပထမဆုံးအကြိမ် သာမဏေ ၂၄၅ ပါးကို ပဉ္စင်းခံပွဲပြုလုပ်ခဲ့သည်။ ကလျာဏီသိမ်သမုတ်ပြီးနောက် သုံးနှစ်အတွင်း ရဟန်းပေါင်း ၁၅၆၆၆ ပါးသည် ကလျာဏီသိမ်တွင် ရဟန်းခံခဲ့ကြသည်။

**ကလျာဏီကျောက်စာ**

ဓမ္မစေတီမင်းကြီးသည် ၁၄၇၆ ခုနှစ်တွင် ကလျာဏီကျောက်စာများကို ပါဠိဘာသာနှင့် မွန်ဘာသာတို့ဖြင့်ရေးထိုးခဲ့ပြီး ၁၄၈၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကလျာဏီသိမ်အနီးတွင် စိုက်ထူခဲ့သည်။ ကလျာဏီကျောက်စာများနှင့်စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)တွင် "ကျောက်စာတိုင် အမြင့် ၇ ပေ၊ အကျယ် ၄ ပေ ၂ လက်မ၊ ထု ၁ ပေ ၃ လက်မ၊ ၂ မျက်နှာစီ၊ တစ်မျက်နှာလျှင် စာကြောင်းရေ ၇၀ ရှိ၍ တစ်လက်မအလျားတွင် စာလုံး ၃ လုံးစီဝင်အောင် ရေးထိုးထားသည်။ မြောက်ဘက် ကျောက်စာတိုင် ၃ ချပ်တွင် ပါဠိဘာသာကို မြန်မာအက္ခရာဖြင့် ရေးထိုးသည်။ တောင်ဘက် ကျောက်စာတိုင် ၇ ချပ်တွင် ပါဠိဘာသာ ကျောက်စာ ၃ ချပ်၏ အဓိပ္ပာယ်ကို မွန်ဘာသာဖြင့် ရေးထိုးထားသည်"ဟု ရေးသားထားသည်။

ကလျာဏီကျောက်စာ ထွင်းထုထားသည့်ကျောက်သားများသည် သက်တမ်းနုသောကျောက်များဖြစ်သဖြင့် ကျောက်စာတိုင် ၁၀ တိုင်လုံးသည် ကွဲအက်ပျက်စီးခဲ့ကြသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပါဠိဘာသာကျောက်စာတိုင်သုံးတိုင်ကို သစ်သားများ၊ သံချောင်းများဖြင့်တွဲလျက် ထောင်မတ်ထားသော်လည်း စာသားအများစုသည် ဖတ်ရှု၍မရတော့ပေ။ မွန်ကျောက်စာချပ်ခုနစ်ချပ်ကလည်း မြေပြင်ပေါ်တွင် ကျောက်ပြားအကျိုးများအဖြစ် လဲကျနေသဖြင့် ၁၉၀၂ ခုနှစ်တွင် ကလျာဏီသိမ်အနီး၌ ကျောက်စာရုံတစ်ခုဆောက်လုပ်ကာ ကျောက်စာတိုင် ၁၀ တိုင်ကို ၎င်းကျောက်စာရုံအတွင်း၌ ထိန်းသိမ်းခဲ့သည်။

ကလျာဏီကျောက်စာတိုင်များသည် မြန်မာ့သမိုင်းတွင် သက်တမ်းရှည်ကြာသောကျောက်စာများဖြစ်ပြီး အရေးကြီးသောမှတ်တမ်းအထောက်အထားများဖြစ်ကြောင်းနှင့် ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် ပုဂံဘုရင် အနုရုဒ္ဓ(အနော်ရထာ)က သထုံကို သိမ်းပိုက်ခဲ့သည့် မြန်မာ့သမိုင်းဆိုင်ရာ မှန်ကန်တိကျသောရက်စွဲများကိုပြောပြနေကြောင်း ဆရာကြီး ဒေါက်တာနိုင်ပန်းလှက ရေးသားခဲ့သည်။ ထို့ပြင် ဗုဒ္ဓဘာသာနှင့် မွန်စာပေဆိုင်ရာ အခြားသမိုင်းဝင်အချက်များကိုလည်း ဖော်ပြနေသည်ဟုဆိုခဲ့သည်။

အဆိုပါကျောက်စာများတွင် မဇ္ဈိမဒေသ သာသနာဝင်၊ ပုဂံသာသနာဝင်၊ ဟံသာဝတီသာသနာဝင်၊ ကလျာဏီသိမ်သမုတ်ခြင်းအကြောင်း၊ ရာမညတိုင်း စေတီသမိုင်း၊ ရွှေမော်ဓောစေတီသမိုင်းတို့ကို ရေးထိုးထားသည်။ ကလျာဏီကျောက်စာ၌ ရေးထိုးထားသည့်ပါဠိစာသားများကို တောင်တွင်းကြီးဆရာတော် ခင်ကြီးဖျော်က မြန်မာဘာသာသို့ ပထမဆုံးပြန်ဆိုခဲ့ပြီး ၎င်းစာအုပ်ကို သာသနာရေးဦးစီးဌာနက ၁၉၇၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် တန့်ကြည့်တောင်အနောက်တောင်မြင့်ရွာ သုံးထပ်ကျောင်းဆရာတော် အရှင်ဓမ္မစာရီမထေရ်က မြန်မာဘာသာနိဿယပြန်ဆိုခဲ့သည်။ ၁၃၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဆရာတော်အရှင်ရာဇိန္ဒက ကလျာဏီကျောက်စာကို မြန်မာနိဿယပြန်ဆိုခဲ့သည်။ ထိုစာမူကို သုဓမ္မဝတီစာပုံနှိပ်တိုက်က ၁၉၃၈ ခုနှစ်တွင် "ဘုရားဖြူဆရာတော်ပြင်သော သာသနာပြု ပဲခူးကလျာဏီသိမ်ကျောက်စာ ပါဠိ-နိဿယ"အမည်ဖြင့် စာအုပ်ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ကျောက်စာဝန် မစ္စတာတော်စိန်ခိုသည် ကလျာဏီသိမ်ကျောက်စာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကာ (The Kalyānī inscruiptoins erected by King Dhammaceti at Pegu in 1476 AD Text and translation)အမည်ဖြင့် ၁၈၉၂ ခုနှစ်တွင် စာအုပ်ထုတ်ဝေခဲ့ရာ စာမျက်နှာ ၁၃၂ မျက်နှာရှိသည်။ အဆိုပါစာအုပ်တွင် မစ္စတာတော်စိန်ခိုက ၁၈၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက် ရက်စွဲဖြင့် နိဒါန်းရေးသားပြီး လက်မှတ်ရေးထိုးထားသည်။ အဆိုပါစာအုပ်သည် ယခုအခါ အမေရိကန်နိုင်ငံ ကောနယ်တက္ကသိုလ် စာကြည့်တိုက်တွင်ရှိနေပြီး အင်တာနက်ဝက်ဘ်ဆိုက်

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဝက်လက်မြို့နယ်တွင် ပဲတီစိမ်း ၃၈၅၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၅ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၅၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၃၈၅၂၅ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၈၅၂၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

(http://www.archive.org/details/cu31924011724808)တွင် ဖတ်ရှုနိုင်သည်။

ဘုရင့်နောင်မင်းတရား(၁၅၅၀-၁၅၈၂)လက်ထက် သက္ကရာဇ် ၉၃၈ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားသည် ကလျာဏီသိမ်ကိုမွမ်းမံပြင်ဆင်ပြီး သိမ်အတွင်းပိုင်းကို ရွှေပိန်းချခဲ့သည်။ ထိုအချိန်သည် ကလျာဏီသိမ်သက်တမ်းနှစ် ၁၀၀ ပြည့်ချိန်ဖြစ်ပြီး ဘုရင့်နောင်မင်းတရားသည် ထိုနှစ်မှာပင် သာမဏေအပါး ၁၀၀ ကို ပဉ္စင်းခံပေးခဲ့သည်။ သက္ကရာဇ် ၉၆၁ ခုနှစ်တွင် ပေါ်တူဂီဇင်ကာအုပ်စု၏လက်ချက်ကြောင့် ကလျာဏီသိမ်ကြီး မီးလောင်ပြာကျခဲ့သည်။

အနောက်ဖက်လွန်မင်း(၁၆၀၆-၁၆၂၈)သည် ဇင်ကာနှင့်ပေါ်တူဂီများကိုနှိမ်နင်းပြီးနောက် ကလျာဏီသိမ်ကို ပြန်လည်တည်ဆောက်ခဲ့ပြီး သက္ကရာဇ် ၉၇၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရေစက်သွန်းချခဲ့သည်။ သာလွန်မင်း(၁၆၂၉-၁၆၄၈)ကလည်း ကလျာဏီသိမ်ကို သက္ကရာဇ် ၁၀၀၇ ခုနှစ်တွင် ထပ်မံမွမ်းမံပြင်ဆင်ခဲ့သည်။ သက္ကရာဇ် ၁၀၅၆ ခုနှစ်တွင် သိမ်တော်ကြီးပျက်စီးခဲ့သဖြင့် ဘိုးတော်ဘုရား(ဗဒုံမင်း) (၁၇၈၂-၁၈၁၉) က သိမ်တော်ကြီးကို အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့သည်။

သက္ကရာဇ် ၁၂၃၅ ခုနှစ် တန်ခူးလကွယ်နေ့တွင် ကလျာဏီသိမ်အတွင်း ထွန်းညှိပူဇော်ထားသော ဆီမီးမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ကာ သိမ်တော်ကြီးပြာကျခဲ့ရပြန်သည်။ ထိုနှစ် နတ်တော်လတွင် ပုဂံတောင်ရွာသူဌေး ဦးသိန်းစိုး-ဒေါ်မှို့ဥတို့က ကလျာဏီသိမ်ကိုပြန်လည်ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ သို့သော် ၁၂၉၂ ခုနှစ် ကဆုန်လဆန်း ၉ ရက်တွင်လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် သိမ်တော်ကြီးအက်ကွဲပြိုပျက်ခဲ့ရပြန်သည်။ ယခုလက်ရှိ ကလျာဏီသိမ်သည် ၁၃၁၆ ခုနှစ်တွင် ပဲခူးမြို့မှ ရွှေခြူးဆေးလိပ်ခုံပိုင်ရှင် ဦးသူတော် မတည်လှူဒါန်းငွေများဖြင့် ပြန်လည်ဆောက်လုပ်ထားသည့်သိမ်ဖြစ်သည်။ မူလသိမ်နယ်နိမိတ်တိုင်ကြီး တစ်တိုင်ကို သိမ်၏ ခေါင်းရင်းဘက်တောင်ဘက်ခြမ်း တံတိုင်းအတွင်းမြင်တွေ့နိုင်သည်။ မူလသိမ်တိုင်ဟောင်း ရှစ်တိုင်လည်း ကျန်ရှိနေပေသည်။

ခေတ်အဆက်ဆက်ဖြတ်သန်းလာခဲ့သည့် ကလျာဏီသိမ်နှင့် ကလျာဏီသိမ်ကျောက်စာသည် မြန်မာနှင့် မွန်တို့၏ သမိုင်းတစ်စိတ်တစ်ပိုင်းကိုဖော်ပြနေသည့် ခိုင်မာသောအထောက်အထားများဖြစ်ကြသည်။ သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းက "သာသနာပြုပြင်ရေးဆောင်ရွက်ချက်များကို ၂၉ ဖေဖော်ဝါရီ ၁၄၈၀ ရက်စွဲဖြင့် ပဲခူးကလျာဏီသိမ်ကျောက်စာကို မွန်ဘာသာဖြင့် ကျောက်စာခုနစ်တိုင်(တစ်ဆယ့်လေးမျက်နှာ)ရေးထိုးခဲ့၏။ ပါဠိဘာသာဖြင့်လည်း အကြောင်းအရာတူကို ကျောက်စာသုံးတိုင်(ခြောက်မျက်နှာ)ရေးခဲ့သေးသည်။ အဆိုပါမှတ်တမ်းတွင် မြန်မာနိုင်ငံ၏ဗုဒ္ဓသာသနာဝင်ကိုစ၍ရေးပါသည်။ မြန်မာနိုင်ငံအောက်ပိုင်းဖြစ်သော ရာမညဒေသသို့ အသောကမင်းလက်ထက် သာသနာပြုရောက်ပုံကို ပြောပြသည်။ တစ်ဆယ့်ငါးရာစုကုန်လောက်ရောက်သည့်အခါမှာ ၃၀၀ ဘီစီဖြစ်သော ယခင်က အနှစ်တစ်ထောင့်ရှစ်ရာကကိစ္စကို ပြန်ပြောင်းပြောနေသဖြင့် ခြွင်းချက်မရှိလက်ခံနိုင်ဖို့ခက်သည်။ ထို့အတူ သထုံမှသာသနာသည် အေဒီ ၁၀၅၇ တွင် ပုဂံသို့ရောက်ပုံကိုလည်း အပြည့်အစုံလက်ခံနိုင်ဖို့ခက်သည်"ဟု သုံးသပ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ရာမညတိုင်းနှင့် မြန်မာ့သမိုင်းကို တစ်စိတ်တစ်ပိုင်းဖော်ညွှန်းနေသည့် ကလျာဏီသိမ်နှင့် ကလျာဏီကျောက်စာတို့သည် မြန်မာတို့၏တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းရုပ်ဝတ္ထုပစ္စည်းများအဖြစ် တည်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)**
- **သုဝဏ္ဏဘူမိသုတေသန(ဦးစံဝင်း)**
- **နှစ်ဆယ့်တစ်ရာစုနှစ် မြန်မာ့အလားအလာ (ဒေါက်တာသန်းထွန်း)**

## ချစ်ခြင်းဖြင့်သာ

- ချစ်ခြင်းဖြင့်သာ
ထွေးဖက်ကာ ကိုယ်စီလှမ်း၊
မနွမ်းမဖောက်မယိုင်
လှမ်းလျှောက်နိုင် စဉ်ချမ်းမြေ့
ချောမွေ့ဖြောင့်တန်း။

- ချစ်ခြင်းဖြင့်သာ
ပွေ့ဆုပ်ကာ ကိုယ်စီမြန်း၊
အမြဲဝင့်ထည်ဖြာ
ပွဲတင့်တယ်စွာ စဉ်မွေ့သိပ်
အေးရိပ်ခြုံလွှမ်း။

- ချစ်ခြင်းဖြင့်သာ
ထိန်းမတ်ကာ ကိုယ်စီမှန်း၊
အပျက်အလွဲမတည်
ခက်ခဲမသီ စဉ်ပေါက်ရောက်
ပြီးမြောက်အောင်ပန်း။

- ဘဝတာ ခရီးလမ်း
မညည်းတမ်း လှမ်းစဉ်ခါ၊
လောကီဘောင် အကြောင်းတရားတို့
ထွေပြားကြုံမှာ၊
ဆုံကြတုန်း ခဏတာ
ငြိမ်းချမ်းစွာ ရပ်တည်ရေး၊
ချစ်ခြင်းဖြင့်သာ
အပြစ်ကင်း မသင့်ရာ
တွေးချင့်ကာ စည်းခြားထားလေမှ
လမ်းဖြောင့်ညီ ကျော်လွှားသွားနိုင်လိမ့်
မေတ္တာခြုံ ကိုယ်စီပွားလို့
နှလုံးသားဖြူ အလှတရားနဲ့
တင့်ကြွားအောင် လက်ယှက်ကမ်း
လျှောက်လှမ်းစို့လေး။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## နိုင်ငံတကာ သတင်းများ

# လက်ဘနွန်အတွက် ဆေးဝါးအကူအညီများ တရုတ်အစိုးရပေးပို့မည်

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံအနေဖြင့် လက်ဘနွန်နိုင်ငံအတွက် အရေးပေါ် ဆေးဝါးအထောက်အပံ့များ ပေးပို့မည်ဖြစ်ကြောင်း တရုတ်အစိုးရတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့ကြား တိုက်ပွဲများ ပြင်းထန်နေစဉ် လက်ဘနွန်နိုင်ငံကို အရေးပေါ် ဆေးဝါးအထောက်အပံ့များပေးပို့ကူညီရန် တရုတ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

လက်ဘနွန်အစိုးရ၏ မေတ္တာရပ်ခံချက်အရ လက်ဘနွန်နိုင်ငံအတွက် အရေးပေါ်ဆေးဝါးပစ္စည်းများပေးပို့ကူညီရန် တရုတ်အစိုးရက ဆုံးဖြတ်ထားကြောင်း တရုတ်နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

မကြာသေးမီ ကာလအတွင်း လက်ဘနွန်နိုင်ငံ အနှံ့အပြား၌ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အများပြည်သူတို့ အသေအပျောက် မြင့်တက်ခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုတို့သည် ဂါဇာကမ်းမြောင်စစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်ခိုက်မှုများ စတင်ခဲ့ကြသည်။

လက်ရှိအချိန်တွင် အစ္စရေးတပ်မတော်သည် လက်ဘနွန်နိုင်ငံအတွင်း မြေပြင်စစ်ဆင်ရေးများ၊ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပြင်သစ်နှင့် ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေး အဆင့်မြှင့်တင်

**ပဲရစ် အောက်တိုဘာ ၈**

ဗီယက်နမ်နှင့် ပြင်သစ်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး အဆင့်ကို အောက်တိုဘာ ၇ ရက်တွင် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သို့ မြှင့်တင်ခဲ့ကြကြောင်း သိရသည်။

ဗီယက်နမ်သမ္မတ တိုလမ်း၏ ပြင်သစ်ခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးအဆင့်ကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ ပြင်သစ်နှင့် ဗီယက်နမ်တို့က တရားဝင်မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်၏ ပြည်ပဆက်ဆံရေးမူဝါဒအရ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သည် အမြင့်ဆုံးနှစ်နိုင်ငံဆက်ဆံရေး အဆင့်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ရောက်ရှိနေသည့် ဗီယက်နမ်သမ္မတ တိုလမ်းသည် အောက်တိုဘာ ၇ ရက်တွင် ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြားလုံခြုံရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကို ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံက ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်အဆင့်နိုင်ငံများအဖြစ် သတ်မှတ်ထားသောနိုင်ငံများထဲတွင်တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယားနှင့်သြစတြေးလျတို့လည်းပါဝင်သည်။

ပြင်သစ်နှင့် ဗီယက်နမ်တို့ကြား ယခုနှစ် ပထမရှစ်လပတ် အပြန်အလှန် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်နိုင်ငံ၌ ရက်သတ္တပတ်ကြာ အမျိုးသားနေ့အားလပ်ရက်ကာလတွင် ပြည်တွင်းခရီးစဉ် ၇၆၅ သန်းထိရှိပြီး ယမန်နှစ်ထက်ပိုမိုမြင့်တက်လာ




**ပေကျင်း အောက်တိုဘာ ၈**

တရုတ်နိုင်ငံ၏ ရက်သတ္တပတ်ကြာ အမျိုးသားနေ့အထိမ်းအမှတ် အားလပ်ရက် ကာလအတွင်း ပြည်တွင်းခရီးစဉ်များ သွားလာမှုနှုန်းမှာ ယမန်နှစ်အလားတူကာလကထက် ပို၍မြင့်တက်လာကြောင်း တရုတ်အစိုးရက ယနေ့တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။

ယခုနှစ်အမျိုးသားနေ့အားလပ်ရက်ကာလအတွင်း တရုတ်နိုင်ငံတစ်ဝန်း၌ ပြည်တွင်းခရီးစဉ်ပေါင်း ၇၆၅ သန်းထိရှိခဲ့ကြောင်း တရုတ်အစိုးရယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုနှစ်၏ ရက်သတ္တပတ်ကြာ အမျိုးသားနေ့အားလပ်ရက်ကာလအတွင်း တရုတ်ပြည်သူများ၏ ပြည်တွင်းခရီးစဉ် သွားလာမှုနှုန်းသည် ယမန်နှစ်အလားတူကာလကထက် ၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၏အဆိုအရ သိရသည်။

ထို့ပြင် ယခုနှစ် ရက်သတ္တပတ်ကြာအမျိုးသားနေ့ အားလပ်ရက်ကာလအတွင်း တရုတ်ပြည်တွင်းခရီးသည်များ၏ ငွေသုံးစွဲမှုနှုန်းသည် ယွမ်ငွေ ၇၀၀ ဒသမ ၈၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၃၀ ဘီလီယံ)ထိရှိခဲ့သည်။

သို့ရာတွင် လူတစ်ဦးချင်းသုံးစွဲမှုနှုန်းအရ ကိုဗစ်-၁၉ ရောဂါကပ်ဘေးမတိုင်မီကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် အမျိုးသားနေ့အားလပ်ရက်ကာလပြည်သူတစ်ဦးချင်းငွေသုံးစွဲမှုနှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ရကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရက်သတ္တပတ်ကြာ အမျိုးသားနေ့ အားလပ်ရက်ကာလအတွင်း တရုတ်ပြည်သူများ ပြည်တွင်းခရီးစဉ်သွားလာမှုနှုန်း မြင့်တက်လာသော်လည်း ပြည်သူတစ်ဦးချင်းငွေသုံးစွဲမှုနှုန်းကျဆင်းလာကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua

Trs : KKO

# ယခုနှစ် ရူပဗေဒနိုဗယ်ဆု သိပ္ပံပညာရှင်နှစ်ဦး ပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၈**

ယခုနှစ်၏ ရူပဗေဒနိုဗယ်ဆုကို လူ့ဉာဏ်ရည်တုနည်းပညာ (အေအိုင်) သိပ္ပံပညာရှင်နှစ်ဦးက ပူးတွဲရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် ရူပဗေဒနိုဗယ်ဆုကို အမေရိကန်ရူပဗေဒပညာရှင် ဂျွန်ဟော့ဖီးနှင့် ဗြိတိသျှနွယ်ဖွား ကနေဒါရူပဗေဒပညာရှင် ဂျော့ဖရေးဟင်တန်တို့က ပူးတွဲရရှိခဲ့ခြင်းဖြစ်သည်။




ဂျွန်ဟော့ဖီးနှင့် ဂျော့ဖရေးဟင်တန်တို့သည် ဉာဏ်ရည်တုနည်းပညာကွန်ရက်များကို ဒီဇိုင်းပုံစံရေးဆွဲရေးအတွက် ရူပဗေဒအခြေခံ သဘောတရားများကို အသုံးချနိုင်ခဲ့ပြီး အခြေခံကျသည့် ရှာဖွေတွေ့ရှိချက်များလည်း ရရှိခဲ့ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါရူပဗေဒနိုဗယ်ဆုသည် ယခုနှစ် နိုဗယ်ဆုပေးပွဲရာသီ၏ ဒုတိယမြောက်နိုဗယ်ဆုဖြစ်သည်။

ယခုနှစ် နိုဗယ်ဆုပေးပွဲရာသီ၏ ပထမဆုံးနိုဗယ်ဆုဖြစ်သည့် ဆေးပညာနိုဗယ်ဆုကို အမေရိကန် မျိုးဗီဇဆေးပညာရှင်များ ဖြစ်ကြသည့် ဗစ်တာအမ်းဘရော့စ်နှင့် ဂါရီရူ့ဗ်ကန်တို့က ပူးတွဲရရှိခဲ့သည်။

ယခုနှစ်၏ တတိယမြောက် နိုဗယ်ဆုဖြစ်သော ဓာတုဗေဒ နိုဗယ်ဆုကို အောက်တိုဘာ ၁၀ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# မော်ရိုကို တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ခြောက်ဦး စပိန်နိုင်ငံ မက်ဒရစ်လေဆိပ်မှ ထွက်ပြေးလွတ်မြောက်

**မက်ဒရစ် အောက်တိုဘာ ၈**

စပိန်နိုင်ငံ မက်ဒရစ်မြို့ နိုင်ငံတကာ လေဆိပ်အခန်းတစ်ခု၌ ထိန်းသိမ်းထားသော မော်ရိုကိုနိုင်ငံသား တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ခြောက်ဦးတို့သည် အခန်းမျက်နှာကြက်ကိုဖောက်၍ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က အောက်တိုဘာ ၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မော်ရိုကိုရွှေ့ပြောင်းဝင်ရောက်သူခြောက်ဦးလေဆိပ်မှ ထွက်ပြေးလွတ်မြောက်မှုသည် စပိန်အစိုးရအဖွဲ့အတွက် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ကိစ္စတစ်ရပ်ဖြစ်ခဲ့ရသည်။

မက်ဒရစ်နိုင်ငံတကာလေဆိပ်မှ ထွက်ပြေးလွတ်မြောက်သွားသည့်မော်ရိုကိုနိုင်ငံသားခြောက်ဦးအနက် သုံးဦးကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့သော်လည်း သုံးဦးလွတ်မြောက်နေဆဲဖြစ်ကြောင်းရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က မက်ဒရစ် နိုင်ငံတကာလေဆိပ်အတွင်း ထိန်းသိမ်းထားသည့် မော်ရိုကိုနိုင်ငံသားလေးဦး ထွက်ပြေးလွတ်မြောက်ခဲ့ဖူးသည်။

မက်ဒရစ်နိုင်ငံတကာလေဆိပ်တွင် နိုင်ငံတကာအကာအကွယ်တောင်းခံထားသူများကို နေရာပေးထားရှိသည့် အခန်းသုံးခန်းရှိသည်။

ထို့ပြင် စပိန်နိုင်ငံအတွင်းသို့ဝင်ရောက်ခွင့်မရှိသူများကိုလည်း ယင်းအခန်းမှာပင် ထိန်းသိမ်းလေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ဥရောပအာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဥရောပအာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်ကို အောက်တိုဘာ ၇ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

ဟီရာအာကာသယာဉ်နှင့် အခြား အခြံအရံကျူဆက်ဂြိုဟ်တုငယ်နှစ်စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ်ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဟီရာအာကာသယာဉ်မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံပင်မဒုံးယာဉ်သည် အဆိုပါအာကာသယာဉ်ကို မစ်ရှင်လမ်းကြောင်းပေါ် ပို့ဆောင်ရေးအတွက် လောင်စာရည်အကုန်သုံးစွဲခဲ့ရမှုကြောင့် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခြင်းမရှိခဲ့ပေ။

Space-X ကုမ္ပဏီသည် အဆိုပါ ဖယ်လ်ကွန်-၉ ပထမအဆင့် ပင်မဒုံးယာဉ်ကို မစ်ရှင် ၂၃ ခု အတွက် အသုံးချခဲ့ပြီးဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် ဒီမောဖော့စ်အမည်ရှိ ဂြိုဟ်သိမ်ကို လေ့လာရေးအတွက် ဟီရာအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းလဲမှု နည်းပညာစမ်းသပ်ရေး အစီအစဉ်အရ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)က DART အမည်ရှိ အာကာသယာဉ်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## မီလ်တန်ဟာရီကိန်းမုန်တိုင်းကြောင့် Europa Clipper အာကာသယာဉ်လွှတ်တင်ရေးအစီအစဉ်ကို နောက်ဆုတ်ထား

**ဝါရှင်တန် အောက်တိုဘာ ၈**

မီလ်တန်အမည်ရှိ ဟာရီကိန်းမုန်တိုင်းကြောင့် Europa Clipper အာကာသယာဉ် လွှတ်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီတို့က နောက်ဆုတ်ထားကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

မူလက Space-X ကုမ္ပဏီနှင့် နာဆာတို့သည် Europa Clipper အာကာသယာဉ်ကိုအောက်တိုဘာ ၁၀ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဖလော်ရီဒါကမ်းခြေဘက်သို့ ဟာရီကိန်းမုန်တိုင်း မီလ်တန်ချဉ်းကပ်လာမှုကြောင့် Europa Clipper အာကာသယာဉ်မစ်ရှင်ကို နောက်ဆုတ်ထားရကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။



နာဆာနှင့် Space-X ကုမ္ပဏီတို့သည် Europa Clipper အာကာသယာဉ်ကို ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

နာဆာအဖွဲ့သည် Europa Clipper အာကာသယာဉ်ဖြင့် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလကိုလေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

လွှတ်တင်ပြီးနောက်တွင် Europa Clipper အာကာသယာဉ်သည် ၂၀၃၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်စနစ်အတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Shepard ဒုံးပျံယာဉ်သစ် လွှတ်တင်ရေးအစီအစဉ်ကို ကာလရွှေ့ဆိုင်းထား

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် NS 22 မစ်ရှင်ဖြင့် New Shepard ဒုံးပျံယာဉ်သစ် လွှတ်တင်ရေးအစီအစဉ်ကို နည်းပညာပိုင်းဆိုင်ရာပြဿနာများကြောင့် ကာလရွှေ့ဆိုင်းထားကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် မူလက အာကာသခရီးသည်များ လိုက်ပါခြင်းမရှိသည့် New Shepard ဒုံးပျံယာဉ်သစ်ကို အောက်တိုဘာ ၇ ရက်တွင် ပထမဆုံးအကြိမ် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် နည်းပညာဆိုင်ရာ ပြဿနာများကြောင့် New Shepard ဒုံးပျံယာဉ်သစ်လွှတ်တင်ရေးအစီအစဉ်ကို ကာလရွှေ့ဆိုင်းထားကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

New Shepard ဒုံးပျံယာဉ်သစ်ကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးစားမည့်နေ့ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

NS- 22 မစ်ရှင် New Shepard ဒုံးပျံယာဉ်တွင် အာကာသခရီးသည်များ လိုက်ပါမည်မဟုတ်ဘဲ အာကာသစူးစမ်းလေ့လာရေးစနစ် ၁၂ မျိုးသာ တင်ဆောင်ထားကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Shepard ဒုံးပျံယာဉ်များဖြင့် ပုဂ္ဂလိကအာကာသခရီးသည်များကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်တွင်ရှိသော အာကာသဟင်းလင်းပြင်အနားစပ်သို့ ပို့ဆောင်ပေးနေသည့် ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## လေဖြတ်မှုနှင့်ဦးနှောက်ဒဏ်ရာကြောင့် လက်အသုံးမပြုနိုင်သူများကို DBS ကုထုံးက အထောက်အကူပေးနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၈**

လေဖြတ်ထားမှုကြောင့် သို့မဟုတ် ဦးနှောက်ဒဏ်ရာတစ်ခုကြောင့် လက်မောင်း၊ လက်ချောင်းများ အသုံးမပြုနိုင်တော့သည့် လူနာများကို Deep Brain Stimulation (DBS) ကုထုံးက အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

DBS ကုထုံးသည် ခွဲစိတ်နည်းဖြင့် လျှပ်စီးပစ္စည်းများထည့်၍ ကိုယ်ခန္ဓာလှုပ်ရှားမှုကို ချိန်ညှိပေးသော ဦးနှောက်နယ်မြေကို လျှပ်စီးကြောင်းများပို့လွှတ်၍ လှုံ့ဆော်ပေးသည့် ကုထုံးဖြစ်သည်။

၎င်းကုထုံးကို ပါကင်ဆန်ရောဂါနှင့်ဆက်စပ်နေသည့် လှုပ်ရှားမှု ထိန်းချုပ်နိုင်စွမ်းဆိုင်ရာ ပြဿနာများကို ကုသရာတွင် အသုံးပြုလျက်ရှိသည်။

သို့ရာတွင် DBS ကုထုံးသည် လေဖြတ်မှုနှင့် ဦးနှောက်ဒဏ်ရာတို့ကြောင့် လက်မောင်း၊ လက်ချောင်းများ မလှုပ်ရှားနိုင်တော့သည့်လူနာများကိုလည်း အကူအညီပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် DBS ကုထုံးကို မျောက်သတ္တဝါများတွင် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ DBS ကုထုံးသည် လေဖြတ်မှုနှင့် ဦးနှောက်ဒဏ်ရာရမှုများကြောင့် လက်များအသုံးချနိုင်စွမ်း ဆုံးရှုံးထားရသည့် လူနာများ၏ ဘဝနေထိုင်မှု အရည်အသွေးကို မြှင့်တင် ပေးနိုင်ဖွယ်ရှိသည်ဟု သုတေသန ပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အစားတစ်လုတ်ကို အလွန်အကျွံကြိတ်ဝါးနေရသူ အမျိုးသားများ Dementia ဖြစ်နိုင်ခြေမြင့်မားနိုင်

**ဆိုးလ် အောက်တိုဘာ ၈**

အစားတစ်လုတ် လိုအပ်သည်ထက်ပို၍အလွန်အကျွံကြိတ်ဝါးနေကြရသူ သက်ကြီးပိုင်းအမျိုးသားများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ဖြစ်နိုင်ခြေမြင့်မားနိုင်ကြောင်း အောက်တိုဘာ ၇ ရက် သတင်းများအရ သိရသည်။

ပါးစပ်တွင်းရှိ အစားတစ်လုတ်ကို အကြိမ်ရေ ၃၀ ကျော်ထိ ကြိတ်ဝါးနေရသည့် အသက် ၆၀ အထက် အမျိုးသားများသည် ၁၀ ကြိမ်ထိသာ ကြိတ်ဝါးရသူများနှင့်နှိုင်းယှဉ်ပါက Dementia ဖြစ်နိုင်ခြေ ၂ ဒသမ ၉ ဆ ပိုမြင့်မားကြောင်း တောင်ကိုရီးယား သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာချက်အရ အသက် ၆၀ အထက် အမျိုးသားများတွင် အစားတစ်လုတ်ကို ပုံမှန်ထက် ငါးကြိမ်ပို၍ကြိတ်ဝါးရတိုင်း Dementia ဖြစ်နိုင်ခြေလည်း ၁၆ ရာခိုင်နှုန်း မြင့်တက်လာတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တောင်ကိုရီးယားသုတေသန ပညာရှင်များ၏ အဆိုအရ အစားတစ်လုတ်ကို ကြိတ်ဝါးရမှုကြိမ်ရေ မြင့်တက်လာမှုသည် ဦးနှောက်ထုထည်သေးငယ်လာမှုနှင့် ဆက်စပ်နေနိုင်သည်ဟု သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် အောက်တိုဘာ ၉ရက် ညနေ ၃ နာရီ မိနစ် ၃၀ ၌ ပဒုမ္မာအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်း၊ ညနေ ၃ နာရီ မိနစ် ၃၀ တွင် စလင်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်း၊ ညနေ ၃ နာရီ မိနစ် ၃၀ တွင် တောင်ဒဂုံအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားမည်ဖြစ်သည်။

အလားတူ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီ မိနစ် ၃၀ တွင် ပဒုမ္မာအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်း၊ ညနေ ၃ နာရီ မိနစ် ၃၀ တွင် တောင်ဒဂုံအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ညနေ ၃နာရီ မိနစ် ၃၀ တွင် စလင်းအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် Junior Lions အသင်းတို့ အသီးသီးကစားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# နိုင်ငံတကာ အားကစားသတင်းများ

## ဖာရန်တောရက်စ်၏ဒဏ်ရာမှာ ကာလရှည် အနားယူရမည်ဟု ဘာစီလိုနာအသင်း ထုတ်ပြန်

**ဘာစီလိုနာ အောက်တိုဘာ ၈**

တနင်္ဂနွေနေ့က ကစားခဲ့သည့် လာလီဂါ အမှတ်ပေးပွဲစဉ်တွင် ဘာစီလိုနာအသင်းက အလာဗက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သော်လည်း တောင်ပံကစားသမားဖာရန်တောရက်စ်ကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တပတ်များစွာ အနားယူရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည်။

ဘာစီလိုနာအသင်း ကစားသမား ဖာရန်တောရက်စ်သည် အလာဗက်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ပွဲကစားချိန် ခြောက်မိနစ်အရောက်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား ဂါဗီယာဖြင့် လူစားလဲခဲ့ရကာ ပွဲချိန် ခုနစ်မိနစ်၊ ပွဲချိန် ၂၂ မိနစ်နှင့် ပွဲချိန် ၃၂ မိနစ်တို့တွင် အသင်းအနေဖြင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဖာရန်တောရက်စ် သည် ဒဏ်ရာကြောင့် လာမည့်ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်သော်လည်း ၎င်းအနေဖြင့် စိတ်ဓာတ်ကျဆင်းခြင်း မရှိဘဲ ဒဏ်ရာအမြန်ဆုံး ကောင်းမွန်အောင်ကြိုးစား၍ အသင်းအတွက် ပါဝင်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဖလစ်လက်အောက်တွင် ပြိုင်ပွဲစုံရှစ်ပွဲ၌ ငါးပွဲထိ ပွဲထွက်ခွင့်ရရှိခဲ့ကာ သွင်းဂိုးတစ်ဂိုးနှင့်ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း ခြေစွမ်းပိုင်းမှာ အသင်းဖော်ကစားသမား ယာမယ်၊ ရာဖင်ဟာနှင့် လီဝမ်ဒေါစကီးတို့ နောက်တွင် ရှိနေသောကြောင့် ဦးစားပေး ကစားသမားအဖြစ် ပါဝင်ခွင့် မရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : 90 min**

**Trs : ML**



## ၂၁ ရာစုအကောင်းဆုံး ပရီးမီးယားလိဂ်နည်းပြများစာရင်းတွင် ဖာဂူဆန်၊ ဂွါဒီယိုလာတို့ ထိပ်ဆုံးမှဦးဆောင်

**လန်ဒန် အောက်တိုဘာ ၈**

ပရီးမီးယားလိဂ်တွင် ကစားခဲ့သည့် ၂၁ ရာစုနှစ် နည်းပြများထဲတွင် အောင်မြင်မှုများရယူနိုင်ခဲ့သည့် ဖာဂူဆန်နှင့် နည်းပြဂွါဒီယိုလာတို့က ထိပ်ဆုံးတွင် ဦးဆောင်နေကြောင်း သိရသည်။

လက်ရှိတွင် Goal.com က ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ ပရီးမီးယားလိဂ်တွင် ကိုယ်ပိုင်နည်းစနစ်များဖြင့် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် နည်းပြဖာဂူဆန်၊ နည်းပြဂွါဒီယိုလာ၊ နည်းပြအာစင်ဝင်းဂါး၊ နည်းပြမော်ရင်ဟိုနှင့် နည်းပြကလော့ပ်တို့က ထိပ်ဆုံးငါးဦးစာရင်းတွင် ရပ်တည်လျက်ရှိသည်။

အကောင်းဆုံးနည်းပြအဖြစ် ရပ်တည်နေသည့် ဖာဂူဆန်သည် ပရီးမီးယားလိဂ်တွင် ဘောလုံးရာသီ ၁၃ ရာသီတာဝန်ယူခဲ့ရာတွင် ဆုဖလားရှစ်ကြိမ်ထိ ရယူနိုင်ခဲ့၍ လည်းကောင်း၊ နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို တာဝန်ယူခဲ့သည့်ဘောလုံးရာသီ ရှစ်ရာသီတွင် ဆုဖလားခြောက်ကြိမ်ထိ ရရှိခဲ့ပြီး ယနေ့ မော်ဒန်ဘောလုံးလောကတွင် ၎င်း၏နည်းစနစ်များမှာ အားကျအတုယူစရာကောင်းခဲ့ကာ တိုက်စစ်မှူးအဂူရို၊ ကွင်းလယ်ကစားသမားဆေးဗားနှင့် တိုက်စစ်မှူးဟာလန်းကဲ့သို့ ကစားသမားများကို မွေးထုတ်နိုင်ခဲ့သည်။

အဆင့်(၃)တွင် ရပ်တည်နေသည့် နည်းပြ အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းနှင့် လက်တွဲခဲ့သည့်ကာလများတွင် ဆုဖလားများစွာရရှိရန် ရုန်းကန်ခဲ့ရသော်လည်း အသင်းကို ၂၀၀၂ ခုနှစ်တွင် ရှုံးပွဲမရှိဖြင့် ဆုဖလားရယူပေးနိုင်ခဲ့သည့်အတွက် လည်းကောင်း၊ နည်းပြမော်ရင်ဟို ကလည်း နှစ်ပေါင်း ၅၀ အတွင်း ဆုဖလားလက်မဲ့ဖြစ်ခဲ့သည့် ချဲလ်ဆီးအသင်းကို ၎င်းလက်ထက်တွင် အောင်မြင်မှုများရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့သည့်အတွက် အကောင်းဆုံးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

အဆင့်(၅)တွင် ရပ်တည်နေသည့်နည်းပြကလော့ပ်က လီဗာပူးအသင်းအား နှစ်ပေါင်း ၃၀ ကြာ ဝေးကွာနေသည့် အမှတ်ပေးဆုဖလားကို ရယူပေးနိုင်ခဲ့သည့်အပြင် နည်းပြဂွါဒီယိုလာနှင့် အပြိုင်အောင်မြင်မှုများရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ကွင်းလယ်ကစားသမား သောမတ်ပါတေးကို ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် အာဆင်နယ်အသင်းက ဆေးစစ်မှုပြုလုပ်မည်ဖြစ်သဖြင့် နိုင်ငံလက်ရွေးစင် ဂါနာအသင်းလူစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။
- နည်းပြအန်းနရစ်က ဂိုးသမားဒွန်နာရမ်မာ၏ လက်စွမ်းပိုင်းကို အားရမှုမရှိသောကြောင့် မန်စီးတီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ကြန့်ကြာနေသည့် ဂိုးသမားအန်ဒါဆန်ကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- လာလီဂါပြိုင်ပွဲ ဂိုးသွင်းအများဆုံးဆုအတွက် တိုက်စစ်မှူးလီဝမ်ဒေါစကီးက သွင်းဂိုး ၁၀ ဂိုးဖြင့်ဦးဆောင်နေပြီး ဒုတိယနေရာမှ တိုက်စစ်မှူးပီရက်ဇ်က သွင်းဂိုးခြောက်ဂိုးသာ သွင်းယူထားနိုင်ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းတွင် ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့် ခံစစ်ကစားသမား ဘန်ချီဝဲလ်ကို အေဗာတန်အသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။ **ML**

## NABF လိုက်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာသာနှင့် ဂျိုနသန်တို့ ထိုးသတ်မည်

**ဂါတီနူ အောက်တိုဘာ ၈**

မြောက်အမေရိက လက်ဝှေ့ဖက်ဒရေးရှင်း(NABF)၏ လိုက်ဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ကနေဒါလက်ဝှေ့သမား အာသာသည် စိန်ခေါ်သူ အာဂျင်တီးနားလက်ဝှေ့သမား ဂျိုနသန်နှင့် အောက်တိုဘာ ၁၇ ရက်တွင် ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် ဂါတီနူမြို့၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အာသာသည် အသက် ၂၉ နှစ်အရွယ် လက်ဝှေ့သမားတစ်ဦးဖြစ်သလို ဂျိုနသန်သည်လည်း အသက် ၂၉ နှစ်အရွယ် လက်ဝှေ့သမားတစ်ဦး ဖြစ်သော်လည်း ဂျိုနသန်သည် လက်ဝှေ့စိန်ခေါ်ပွဲပေါင်း ၅၆ ပွဲထိ ထိုးသတ်ထားသည့် ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး အာသာကစိန်ခေါ်ပွဲပေါင်း ၁၆ ပွဲသာ ထိုးသတ်ထားသည့် လက်ဝှေ့သမားဖြစ်သည်။

ဂျိုနသန်နှင့် အာသာတို့အကြား အတွေ့အကြုံကွာဟမှုကြီးမားသော်လည်း အာသာသည် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။



လက်ရှိချန်ပီယံ အာသာက "ကျွန်တော့်အနေနဲ့ ကမ္ဘာ့ချန်ပီယံအတွက် စိန်ခေါ်ပွဲထိုးသတ်ခွင့်ရတဲ့ လက်ဝှေ့သမားတစ်ယောက်ဖြစ်ချင်တယ်။ ကျွန်တော့်ရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကိုထိုးသတ်ခွင့်မရသေးခင်ကျွန်တော်ပိုင်ဆိုင်ထားတဲ့ လက်ရှိချန်ပီယံဆုတွေအတွက် ကာကွယ် ထိုးသတ်သွားမယ်။ ကမ္ဘာ့ချန်ပီယံအတွက်ပြင်ဆင်ပြီး လိုအပ်ချက်တွေကိုအတတ်နိုင်ဆုံးလေ့ကျင့် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် လက်မှတ်ခများကို ထုတ်ပြန်



**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့ ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် လက်မှတ်ခများကို ယနေ့တွင် အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာပွဲစဉ်နှစ်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကစားမည်ဖြစ်ပြီး ပထမပွဲစဉ်ကို အောက်တိုဘာ ၁၀ ရက်တွင်လည်းကောင်း၊ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၁၃ ရက်တွင်လည်းကောင်း အသီးသီး ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် လက်မှတ်ခများအဖြစ် အထူးတန်းအတွက် ငွေကျပ် ၅၀၀၀၊ ရိုးရိုးတန်းအတွက် ငွေကျပ် ၂၀၀၀ သတ်မှတ်ထားပြီး ပထမပွဲစဉ်အတွက် လက်မှတ်များကို အောက်တိုဘာ ၉ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် သုဝဏ္ဏအားကစားကွင်း ဂိတ်-၂ တွင်လည်းကောင်း နံနက် ၁၀ နာရီမှစတင်ပြီး ညနေ ၄ နာရီထိ ရောင်းချပေးမည်ဖြစ်သည်။

အလားတူ ခြေစမ်းပွဲ ဒုတိယပွဲစဉ်အတွက် လက်မှတ်များကို အောက်တိုဘာ ၉ ရက်နှင့် ၁၁ ရက်တို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင်လည်းကောင်း၊ အောက်တိုဘာ ၁၃ ရက်တွင် သုဝဏ္ဏအားကစားကွင်းရှိ ဂိတ်-၂ ၌လည်းကောင်း ရောင်းချပေးမည်ဖြစ်ပြီး လက်မှတ်များကို လူတစ်ဦးလျှင် အထူးတန်းအတွက် လေးစောင်၊ ရိုးရိုးတန်းအတွက် လေးစောင်နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းနှင့် သီရိလင်္ကာအသင်းတို့ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် လက်မှတ်များကို AYA Pay တွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

STA

# Queensland PGA Championship ပြိုင်ပွဲတွင် ကင်မရွန်းစမစ် ပါဝင်ယှဉ်ပြိုင်မည်

**ဘရစ္စဘိန်း အောက်တိုဘာ ၈**

ယခုနှစ် အောက်တိုဘာ ၃၁ ရက် ဘရစ္စဘိန်းမြို့ရှိ Nudgee Golf Club တွင် ကျင်းပမည့် Queensland PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဩစတြေးလျ အဆင့်(၁)ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်က ယနေ့တွင် အတည်ပြုခဲ့သည်။

ကင်မရွန်းစမစ်သည် LIV Golf အဖွဲ့ချုပ်သို့ ကူးပြောင်းခဲ့ပြီး နောက်ပိုင်းတွင် PGA Tour ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသော်လည်း မွေးရပ်မြေတွင်ကျင်းပမည့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားသည့်အတွက် PGA Tour တစ်ခုဖြစ်သော Queensland PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကင်မရွန်းစမစ်က ပြောကြားခဲ့သည်။

ကင်မရွန်းစမစ်က "ပြီးခဲ့တဲ့နှစ်အနည်းငယ်လောက်ကတော့ မွေးရပ်မြေကိုပြန်လာရင် အနားယူအပန်းဖြေဖို့အတွက်လောက်ပါပဲ။ အထူးသဖြင့် LIV Golf အဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီးနောက်ပိုင်းမှာအိမ်ပြန်လာတာ အနားယူဖို့အတွက်ပါပဲ။ ဒါပေမဲ့လဲ သေသေချာချာပြန်စဉ်းစားကြည့်တော့ LIV Golf ရဲ့ ပွဲတွေမရှိလို့ အိမ်မှာပြန်လာအနားယူရင် ရက်သတ္တလေးပတ်ငါးပတ်လောက် ကြာတော့ ဒီလောက်အကြာကြီး အနားယူတာအဆင်မပြေနိုင်ဘူး။ ဒါကြောင့် မွေးရပ်မြေမှာကျင်းပသွားမဲ့ ပြိုင်ပွဲတွေမှာပါဝင်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : RT**

**Trs : AZL**



# ဥရောပနေးရှင်းလိဂ်ကစားမည့် အင်္ဂလန်အသင်းကစားသမားစာရင်းမှ ကိုဘီမိုင်နူး၊ ဂစ်ပ်ဝိုက်နှင့်ကွန်ဆာတို့ နုတ်ထွက်

**လန်ဒန် အောက်တိုဘာ ၈**

ယခု ရက်သတ္တပတ်အတွင်း ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ ပွဲစဉ်များကစားရန်ရှိနေသည့် အင်္ဂလန်အသင်း ကစားသမားစာရင်းမှ ကိုဘီမိုင်နူး၊ ဂစ်ပ်ဝိုက်နှင့် ကွန်ဆာတို့ ဒဏ်ရာကြောင့် အသီးသီး နုတ်ထွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကစားသမားသုံးဦး အနေဖြင့် အစောပိုင်းက နည်းပြလီကာစလေ၏ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားမည့် အင်္ဂလန်အသင်း ကစားသမားစာရင်းတွင် ပါဝင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် လက်ရှိတွင် ဒဏ်ရာပြဿနာများ အသီးသီးကြုံတွေ့နေရသည့်အတွက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် အေဗီလာအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် ကွန်ဆာသည် ပွဲချိန် ၁၂ မိနစ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သည့်အတွက် ဆက်လက်ကစားနိုင်ခြင်း မရှိတော့သောကြောင့် လူစားလဲထွက်ခွာခဲ့ရပြီး လက်ရှိတွင် မည်သည့်အချိန်ထိအနားယူရမည်ကို မသိရှိရသေးဘဲ အနားယူနေခဲ့ရသောကြောင့် အင်္ဂလန်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ကိုဘီမိုင်နူးသည်လည်း အေဗီလာအသင်းနှင့် မန်ယူအသင်းတို့ ကစားခဲ့သည့်ပွဲစဉ် ပွဲချိန် ၈၅ မိနစ်တွင် ညာခြေထောက်ကြွက်သားဒဏ်ရာ ရရှိခဲ့သည့်အတွက် အင်္ဂလန်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ကာ ဂစ်ပ်ဝိုက်သည်လည်း နော်တင်ဟမ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် အင်္ဂလန်အသင်းကစားသမားစာရင်းမှ အသီးသီး နုတ်ထွက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

STA

# Japan Open တင်းနစ်ပြိုင်ပွဲကို ဒဏ်ရာပြဿနာကြောင့် အိုဆာကာ ယှဉ်ပြိုင်ခြင်းမပြုတော့



**တိုကျို အောက်တိုဘာ ၈**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အောက်တိုဘာ ၁၄ ရက်၌ စတင်ကျင်းပမည့် Japan Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ကြောင်း ဂျပန်တင်းနစ်မယ် အိုဆာကာက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အိုဆာကာသည် မိခင်ဖြစ်သူ၏ မွေးရပ်မြေဖြစ်သည့် ဂျပန်နိုင်ငံတွင်ကျင်းပသည့် တင်းနစ်ပြိုင်ပွဲများတွင် မပျက်မကွက်ပါဝင်ယှဉ်ပြိုင်လေ့ရှိသူဖြစ်သော်လည်း ယခုနှစ်တွင် နောက်ကျောဒဏ်ရာကြောင့် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

အိုဆာကာသည် မကြာသေးမီက တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် China Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၁၆ ဦးအဆင့်ထိတက်ရောက်နိုင်ခဲ့သော်လည်း ၁၆ ဦးအဆင့်တွင် China Open တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ယှဉ်ပြိုင်ကစားစဉ် နောက်ကျောဒဏ်ရာကြောင့် အနားယူခဲ့ရသည်။

အိုဆာကာက "ဂျပန်မှာကျင်းပတဲ့ပြိုင်ပွဲတွေမှာ ကျွန်မအနေနဲ့ ပြိုင်ပွဲနဲ့လွဲချော်တာရှားပါတယ်။ ဒါပေမဲ့လဲ China Open တင်းနစ်ပြိုင်ပွဲမှာရရှိခဲ့တဲ့ ဒဏ်ရာကြောင့် ကာလတစ်ခုထိအနားယူရတော့မှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွင်း အမြန်ဆုံးဝင်ရောက်လာနိုင်အောင်ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# ဖီဖာက ကိုမိုခံစစ်ကစားသမား ကော်တိုကို လူမျိုးရေးခွဲခြားမှုကြောင့် ၁၀ ပွဲပယ်ပြစ်ဒဏ်ချမှတ်

**ဇူးရစ် အောက်တိုဘာ ၈**

ပြီးခဲ့သည့် ဇူလိုင်လက ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ကစားခဲ့သည့် ကိုမိုအသင်းနှင့် ဝုဗ်အသင်းတို့ပွဲစဉ်တွင် ကိုမိုအသင်းခံစစ်ကစားသမား ကော်တိုက ဝုဗ်အသင်းတိုက်စစ်မှူး ဟီချန်ဝမ်ကို လူမျိုးရေးခွဲခြားခဲ့မှုကြောင့် ၁၀ ပွဲပယ်ပြစ်ဒဏ်ဖီဖာက ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကော်တိုသည် ဟီချန်ဝမ်ကို ဟောင်ဟောင်မင်းသားတစ်ဦးဖြစ်သည့် ဂျက်ကီချန်းဟု ခေါ်ဆိုခဲ့ကြောင်း ပြောကြားခဲ့သော်လည်း ဟီချန်ဝမ် အနေဖြင့် ၎င်းကိုချန်နီဟုခေါ်ဆိုခဲ့ကြောင်း ပြောကြားခဲ့သောကြောင့် ဝုဗ်အသင်းက လူမျိုးရေးခွဲခြားမှု ပြုလုပ်ခဲ့သည့် ကော်တိုကို အရေးယူပေးရန် ဖီဖာသို့တိုင်ကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လူမျိုးရေးခွဲခြားမှုကို ရှုံ့ချထားသည့်အတွက် ခံစစ်ကစားသမား ကော်တိုကို ပြစ်မှုထင်ရှားခဲ့သောကြောင့် ၁၀ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ဖီဖာတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမား ကော်တိုသည် ၂၀၁၆ ခုနှစ်က အေစီမီလန်အသင်းနှင့်ကစားသမားဘဝ စတင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် အမ်ပိုလီအသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့ရပြီး အငှားစာချုပ်များဖြင့်သာ ကျင်လည်ခဲ့ရပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ဆူတီရိုလ်အသင်းသို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် ကိုမိုအသင်းသို့လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ပြီး ယခုနှစ်တွင်လည်း စီးရီး(ဘီ) ကလပ် ဆီနာအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။ **Ref : ESPN**

**Trs : ML**

# နှောင့်နှေးကြန့်ကြာမှုများဖြစ်နေသော အမေရိကန်ရေတပ်၏ရေငုပ်သင်္ဘောအစီအစဉ်



အမေရိကန်ရေတပ်၏ ကိုလံဘီယာ အတန်းအစား နျူကလီးယားပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘော (SSBN)အစီအစဉ်သည် သတ်မှတ်ထားသည့်အစီအစဉ်ထက် နှောင့်နှေးကြန့်ကြာလျက်ရှိသောကြောင့် နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည် ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် သက်တမ်းရင့် အိုဟိုင်းရိုးအတန်းအစား SSBNs များနေရာတွင် အချိန်မီ အစားထိုးနိုင်ရေးနှင့်စပ်လျဉ်း၍ ရေတပ်၏စွမ်းဆောင်ရည်အပေါ် စိုးရိမ်ပူပန်မှုမြင့်တက်စေလျက်ရှိသည်။

ယခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်အစိုးရရုံး(GAO) သည် အစီရင်ခံစာထုတ်ပြန်ခဲ့ရာ၌ ကိုလံဘီယာအတန်းအစားအစီအစဉ်သည် နှောင့်နှေးကြန့်ကြာမှုများ၊ ကုန်ကျစရိတ် ပိုမိုကြီးမြင့်လာမှုများနှင့် သတ်မှတ်ချိန်အပေါ် ကြန့်ကြာမှုဖြစ်ပေါ်စေမည့် လုပ်ငန်းလုပ်ဆောင်မှုများအပါအဝင် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရလျက်ရှိကြောင်း ဖော်ပြထားသည်။

ပထမဆုံးသော ကိုလံဘီယာ အတန်းအစား SSBN ကို ၂၀၂၇ ခုနှစ် ဧပြီလတွင် လွှဲပြောင်းပေးရန် ကနဦးစီစဉ်ထားရှိသော်လည်း ၂၀၂၈ ခုနှစ် အောက်တိုဘာလနှင့် ၂၀၂၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လွှဲပြောင်းပေးနိုင်မည်ဟု မျှော်မှန်းထားရှိသဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တာဝန်ထမ်းဆောင်နိုင်ရေးအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း GAO အစီရင်ခံစာ၌ ဖော်ပြထားသည်။

တည်ဆောက်မှုလုပ်ငန်းစဉ် နှေးကွေးခြင်း၊ လုပ်ငန်းလမ်းညွှန်ချက်များ နှေးကွေးခြင်းနှင့် ပစ္စည်းပြတ်လတ်မှုများကဲ့သို့သော အမြဲတစေဖြစ်ပေါ်နေသောပြဿနာများသည် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ပိုမိုကုန်ကျစေလျက်ရှိကြောင်း၊ ကိုလံဘီယာအတန်းအစား သင်္ဘောတည်ဆောက်သူ Electric Boat သည် ကုန်ကျစရိတ်ပြတ်တောက်လျက်ရှိပြီး သတ်မှတ်အချိန်တွင်ပြီးစီးရန် ခက်ခဲလျက်ရှိကြောင်းနှင့် ကန်ထရိုက်တာ၏ အစီအစဉ်သည် လက်တွေ့နှင့် ကင်းကွာလျက်ရှိကြောင်း GAO အစီရင်ခံစာ၌ ဖော်ပြထားသည်။

ရေငုပ်သင်္ဘောတည်ဆောက်ရေးအခြေစိုက်စခန်းများတွင် အမေရိကန်ရေတပ်၏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရင်းနှီးမြှုပ်နှံမှုသည် ကုန်ထုတ်လုပ်မှုအရှိန်မြှင့်တင်ရန် ရည်ရွယ်ထားသော်လည်း လုပ်ငန်းဆောင်ရွက်မှု နှေးကွေးနေသောကြောင့် ထိရောက်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိကြောင်း GAO အစီရင်ခံစာ၌ ဖော်ပြထားသည်။

၎င်းပြဿနာများကို လျှော့ချနိုင်ရေး ကြိုးပမ်းမှုများရှိနေသော်လည်း အပြီးသတ်တပ်ဆင်မှုတွင် အဟန့်အတားများ ပိုမိုဖြစ်ပေါ်လျက်ရှိသဖြင့် စမ်းသပ်မှုသည်နှောင့်နှေးကြန့်ကြာမှုများ၊ ကုန်ကျစရိတ်များ ပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ အရှည်မျှော်တွေးမှုနှင့် ကုန်ကျစရိတ်များ ပြန်လည်တွက်ချက်မှုများ လုပ်ဆောင်ခြင်းမရှိလျှင် အမေရိကန်ရေတပ်သည် ၎င်း၏နျူကလီးယားဟန့်တားမှု မဟာဗျူဟာတွင် တာဝန်ထမ်းဆောင်မှု လစ်ဟာမှုများနှင့် ရင်ဆိုင်သွားရဖွယ်ရှိသဖြင့် သက်တမ်းရင့် အိုဟိုင်းရိုးအတန်းအစား SSBNs များအပေါ် ပိုမိုမှီခိုအားထားရဖွယ်ရှိကြောင်း GAO အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်လွှတ်တော်သုတေသနဌာန (CRS) က ယခုနှစ် စက်တင်ဘာလအတွင်း ထုတ်ပြန်ထားသော အစီရင်ခံစာ၌ ကိုလံဘီယာအတန်းအစား SSBNs တည်ဆောက်မှုတွင် နှေးကွေးမှုများသည် စစ်ရေယာဉ်၏ မော်ကျူးများတပ်ဆင်ရာတွင် အခက်အခဲများ၊ သင်္ဘောကျင်းအတွင်း လုပ်သားလိုအပ်ချက်များ၊ ထောက်ပံ့ရေးကွင်းဆက်ပြဿနာများ၊ အထူးသဖြင့် တာဘိုင်ဂျင်နရေတာများနှင့် သင်္ဘောဦးပိုင်းကဲ့သို့သော အရေးပါသောအစိတ်အပိုင်းများကြောင့် ဖြစ်ပေါ်နေရကြောင်း ဖော်ပြထားသည်။

Northrop Grumman ကဲ့သို့သော လက်ခွဲကန်ထရိုက်တာများမှပေးသွင်းသည့် အဆိုပါအစိတ်အပိုင်းများသည် သတ်မှတ်အချိန်ထက် နောက်ကျရောက်ရှိသောကြောင့် အစီအစဉ်ကို ပိုမိုကြန့်ကြာမှုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ဗာဂျင်းနီးယားအတန်းအစား နျူကလီးယားတိုက်ခိုက်ရေးရေငုပ်သင်္ဘော (SSN)ကိုလည်း တစ်ပြိုင်တည်းတည်ဆောက်လျက်ရှိသောကြောင့် ကိုလံဘီယာအတန်းအစား SSBNs တည်ဆောက်မှုအတွက် အချိန်သတ်မှတ်ချက်သည် စက်မှုလုပ်ငန်းကို အခြေခံသောစိန်ခေါ်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ အမေရိကန်သင်္ဘောကျင်းများသည် အစီအစဉ်နှစ်ခုစလုံး၏ လိုအပ်ချက်များပြည့်မီရေး ရုန်းကန်ရလျက်ရှိသောကြောင့်အချိန်မီလွှဲပြောင်းပေးရာတွင် အရည်အသွေးပိုင်းနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်လျက်ရှိကြောင်း CRS က ပြောကြားသွားခဲ့သည်။

ရေငုပ်သင်္ဘောများနှင့် လေယာဉ်တင်သင်္ဘောများတွင် ဂဟေဆော်ရာ၌ အားနည်းချက်များရှိနေမှုနှင့်စပ်လျဉ်း၍ Newport News Shipbuilding က အမေရိကန်တရားရေးဌာန(DOJ)ကို သတိပေးချက်ထုတ်ပြန်ထားရှိသည်။ သင်္ဘောအသစ်တည်ဆောက်မှုနှင့် လက်ရှိသင်္ဘောများကို ဂဟေဆော်ရာ၌ လုပ်ထုံးလုပ်နည်းအတိုင်း လိုက်ပါလုပ်ဆောင်ခြင်းမရှိကြောင်း ၎င်းကုမ္ပဏီက အမေရိကန်ရေတပ်ကို သတိပေးထားရှိသည်။

အမေရိကန်ရေတပ်သည် ပြဿနာ၏အတိုင်းအတာကို စုံစမ်းစစ်ဆေးလျက်ရှိပြီး အချို့သောဂဟေသမားများသည် ဂဟေဆော်သည့်လုပ်ငန်းစဉ်များကို ချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိခဲ့သည်။ ဗာဂျင်းနီးယား၊ ကိုလံဘီယာအတန်းအစား ရေငုပ်သင်္ဘောများနှင့် ဖို့ဒ်အတန်းအစား လေယာဉ်တင်သင်္ဘောများကို အဓိကတည်ဆောက်ပေးလျက်ရှိသည့် Newport News သည် အရည်အသွေးပိုင်းဆိုင်ရာလိုအပ်ချက်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီကဦးဆောင်သော အမေရိကန်လွှတ်တော်အမတ်များသည် သင်္ဘောသားများ၏မှားယွင်းမှုကြောင့်ဖြစ်ပေါ်လျက်ရှိသည့် ဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန(DOD)စုံစမ်းဖော်ထုတ်ပေးရန် တောင်းဆိုမှုများရှိခဲ့သည်။ ထို့ကြောင့် ၎င်းကုမ္ပဏီက အလုပ်သမားများအနေဖြင့် အလျင်စလိုလုပ်ဆောင်လိုသည့်ဆန္ဒမရှိကြောင်းနှင့် ပြန်လည်ပြုပြင်တည်ဆောက်မှုကို ချက်ချင်းလုပ်ဆောင်ခဲ့ကြောင်း ပြောဆိုခဲ့သည်။

သို့သော် ဂဟေဆော်ရာ၌ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များကို ဆန်းစစ်အကဲဖြတ်နေဆဲဖြစ်ပြီး ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့သော စစ်ရေယာဉ်များကို ယခုနှစ် အောက်တိုဘာလတွင် ဆက်လက်စစ်ဆေးသွားမည်ဖြစ်သည်။ ၂၀၀၀ ပြည့်လွန်နှစ်များတွင် အလားတူစစ်ဆေးခြင်းအပါအဝင် သင်္ဘောကျင်း၌ ဂဟေဆော်မှုလုပ်ငန်းများကို ပြန်လည်စစ်ဆေးပေးရန် တောင်းဆိုမှုများရှိခဲ့သည်။

ကုန်ဈေးနှုန်းများကြီးမြင့်လာခြင်းသည် ကိုလံဘီယာအတန်းအစား SSBNs များ၏ကုန်ကျစရိတ်များကို ပိုမိုကြီးမားစေလျက်ရှိကြောင်း၊ ဒီဇိုင်းနှင့်အင်ဂျင်နီယာပိုင်းဆိုင်ရာကုန်ကျစရိတ်များကြောင့် ပထမစစ်ရေယာဉ်တစ်စီး၏ ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံခန့်ရှိမည်ဖြစ်ကြောင်း၊ ထပ်မံနှောင့်နှေးကြန့်ကြာမှုများသည် အမေရိကန်ရေတပ်၏ မဟာဗျူဟာမြောက် ဟန့်တားမှုစွမ်းဆောင်ရည်များအပေါ် သက်ရောက်မှုရှိလာစေနိုင်ကြောင်း၊ ထို့ကြောင့် ကိုလံဘီယာအတန်းအစား SSBNs သည် အိုဟိုင်းရိုးအတန်းအစား SSBNs များနေရာတွင် သတ်မှတ်အချိန်အတွင်း အစားထိုးတာဝန်ထမ်းဆောင်နိုင်ရန်လိုအပ်ကြောင်း CRS အစီရင်ခံစာ၌ ဖော်ပြထားသည်။

တရုတ်နိုင်ငံ အင်အားကြီးထွားလာချိန်တွင် အမေရိကန်ရေငုပ်သင်္ဘောတည်ဆောက်သည့် အခြေစိုက်စခန်းများ၏ မဟာဗျူဟာမြောက် ပြုပြင်ထိန်းသိမ်းရာတွင် ပြဿနာများ ဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်ရေငုပ်သင်္ဘောအုပ်သည် စစ်အေးတိုက်ပွဲကာလတွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအစီးရေ ၁၄၀ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ၆၇ စီးသာရှိပြီး ၎င်းတို့အနက် ၄၉ စီးသာလျှင် SSN များဖြစ်သည်။ သုံးနှစ်ဆက်တိုက် ပြုပြင်ထိန်းသိမ်းမှုမလုပ်ဆောင်နိုင်သောကြောင့် ရေငုပ်သင်္ဘော သုံးပုံ တစ်ပုံခန့်သာလျှင် တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိတော့ပေ။

အမေရိကန်ရေတပ်၏သင်္ဘောတည်ဆောက်ရေးမိတ်ဖက်များသည် ကိုဗစ်-၁၉ အလွန်ကာလတွင် တည်ဆောက်မှုလုပ်ငန်း အရှိန်မြှင့်တင်ရေးအတွက် ရုန်းကန်ရလျက်ရှိပြီး ၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်အတွက် SSN အသစ်တစ်စီးသာ တည်ဆောက်သွားရန် စီမံကိန်းရေးဆွဲထားရှိသည်။ ရေငုပ်သင်္ဘောစက်မှုအခြေစိုက်များ ကျဆင်းလာခြင်းသည် အမေရိကန်နိုင်ငံကို သင်္ဘောကျင်းမလုံလောက်မှုနှင့် ပြုပြင်ထိန်းသိမ်းစွမ်းဆောင်ရည်ကျဆင်းမှုတို့ ဖြစ်ပေါ်စေလျက်ရှိသည်။

သို့သော် တရုတ်နိုင်ငံ၏ ရေငုပ်သင်္ဘောစက်မှုအခြေစိုက်စခန်းများသည် သိသာထင်ရှားသော အောင်မြင်မှုများရရှိလျက်ရှိသည်။ ၎င်းလုပ်ငန်းသည် ရေတပ်ခေတ်မီအဆင့်မြှင့်တင်မှုတွင် အဓိကအစိတ်အပိုင်းအဖြစ်ပါဝင်လျက်ရှိပြီး နိုင်ငံတော်ဦးဆောင်မှုဖြင့် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း(R&D)ကိုအလေးထားလုပ်ဆောင်ကာ သင်္ဘောတည်ဆောက်မှုအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။

Bohai ၊ Wuchang နှင့် Jiangnan သင်္ဘောကျင်းများသည် တရုတ်နိုင်ငံ၏ နျူကလီးယားနှင့် သမားရိုးကျ ရေငုပ်သင်္ဘောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်ထိ ခေတ်မီတိုးတက်လျက်ရှိသည်။ သို့သော် တွန်းကန်အားစနစ်၊ ရေငုပ်သင်္ဘောအသံတိတ်ဆိတ်မှုနည်းပညာနှင့် လေမဲ့တွန်းကန်အား (AIP)စွမ်းဆောင်ရည်များ လိုအပ်နေဆဲပင်ဖြစ်သည်။

အဆိုပါလစ်ဟာမှုများကို ဖြေရှင်းနိုင်ရေးအတွက် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာဆက်ဆံရေးများ ထူထောင်ထားရှိပြီး အဆင့်မြင့်ရေအောက်နည်းပညာများ ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေ နိုင်ငံတော်ရန်ပုံငွေဖြင့် တရုတ်နိုင်ငံ၏ သင်္ဘောတည်ဆောက်မှုစွမ်းဆောင်ရည်သည် ပြိုင်ဘက်ကင်းရေတပ်အဖြစ် ရပ်တည်လာစေနိုင်ပြီး နည်းပညာလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းသွားနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ရေအောက်စွမ်းဆောင်ရည်များတွင် အမေရိကန်ထက်သာလွန်ရန် ရည်မှန်းထားရှိသောကြောင့် ရေငုပ်သင်္ဘောတည်ဆောက်မှုအစီအစဉ်ကို အမေရိကန်ထက် ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အမှန်တော့ တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံထက် ရေငုပ်သင်္ဘောအရေအတွက် သာလွန်အောင် တည်ဆောက်လျက်ရှိစဉ် အမေရိကန်နိုင်ငံအနေဖြင့် ရေငုပ်သင်္ဘောတည်ဆောက်ရာတွင် အဂတိလိုက်စားမှုများရှိနေပြီး ဦးဆောင်မှုကင်းမဲ့နေသောကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

**ကိုးကား**

**– US Navy's submarine program full of gaping holes by Asia Times**

**ဝင်းဇင်(သုတေသန)**

# Mister & Miss Miracle Myanmar 2025 City Winner ရွေးချယ်ပွဲ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ပြုလုပ်




**ရန်ကုန် အောက်တိုဘာ ၈**

Miracle Myanmar Model Agency မှ စီစဉ်သည့် Mister & Miss Miracle Myanmar 2025 City Winner ရွေးချယ်ပွဲကို အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရှိ ရွှေရတုခန်းမ၌ ပြုလုပ်ခဲ့ကြောင်း Yangon West City Winner အလှမယ် မာဂရက်က ပြောပြ၍ သိရသည်။

အဆိုပါ Mister & Miss Miracle Myanmar 2025 City Winner ရွေးချယ်ပြိုင်ပွဲတွင် သက်တမ်းအလိုက် Mini Miss၊ Miss နှင့် Mrs City Winner များကို ရွေးချယ်ပေးခဲ့ပြီး ရွေးချယ်ခံရသည့် City Winner အလှမယ်များသည် လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည့် Mister & Miss Miracle Myanmar 2025 ပြိုင်ပွဲကြီးတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မက ငယ်ငယ်ကတည်းက ဖြစ်ချင်ခဲ့တဲ့ဆန္ဒကို တတိယနှစ်ကျောင်းကို တောင်ကြီးမှာတက်ရင်း လာရောက်ပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ ကိုယ်ဖြစ်ချင်တဲ့ အိပ်မက်တွေအကောင်အထည်ဖော်ခွင့်ရလို့လဲ ဝီတိဖြစ်ရပါတယ်။ ရှေ့ဆက်ပြီးလဲ အကောင်းဆုံးကြိုးစားပါမယ်။ ဘေးက ဝိုင်းဝန်းပံ့ပိုးပေးကြတဲ့သူတွေကြောင့် ခုလိုပြိုင်ပွဲမှာ City Winner ဖြစ်ခွင့်ရလို့လဲပျော်ပါတယ်"ဟု Yangon West City Winner အလှမယ် မာဂရက်က ပြောပြသည်။

Mister & Miss Miracle Myanmar 2025 City Winner ပြိုင်ပွဲတွင် City Winner ဆုတွေအနေနဲ့ Bagan City Winner၊ Thanlyin City Winner၊ Pyay City Winner၊ Taunggyi City Winner၊ Taungoo City Winner၊ Yangon West City Winner ဆုများကို ပြိုင်ပွဲဝင်အလှမယ်များကို ပေးအပ်ခဲ့ပြီး Best Body Award၊ Best Evening Grown Award၊ Main Winner၊ Best Personality Award၊ Best Catwalk Award၊ Best Opening & Introduction Title ဆုများကိုလည်း အသီးသီး ပေးအပ် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ ASH

# Marty Superme ဇာတ်ကားတွင် မင်းသမီး ဖရန်ဒရက်ချာ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၈**

A-24 ရုပ်ရှင်ကုမ္ပဏီ၏ Marty Superme အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဖရန်ဒရက်ချာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်သတင်းများအရသိရသည်။

Marty Superme ဇာတ်ကားတွင် မင်းသမီး ဖရန်ဒရက်ချာသည် မင်းသား တင်မိုသီချာဖက်၊ မင်းသမီး ဝိန်းနက်ပါထရောတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ၁၉၅၀ ပြည့်နှစ် ကမ္ဘာ့စားပွဲတင် တင်းနစ်လောကကိုနောက်ခံထား၍ အမေရိကန်တင်းနစ် အားကစားသမားမာတီးရိုက်မင်း၏ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Marty Superme ဇာတ်ကားကို ဒါရိုက်တာ ဂျို့ဆက်ဒီးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျို့ဆက်ဒီးက ဇာတ်ညွှန်းရေးဆရာရော်နယ်ဘရွန်းစတိန်းနှင့် ပူးတွဲရေးသားထားသည်။

လက်ရှိတွင် Marty Superme ဇာတ်ကားရုံတင်ပြသမည့်ရက်ကို A-24 က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




# တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူးနှင့် မေခလာတို့ သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ The Heart of Rangoon-THOR ၌ ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၈**

တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူးနှင့် မေခလာတို့ သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ The Heart of Rangoon-THOR ၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

တေးသံရှင်များဖြစ်သည့် ဘိုဘိုဟန်၊ ခင်မောင်ထူးနှင့်မေခလာတို့၏ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၀ ရက်တွင် The Heart of Rangoon-THOR ၌ပြုလုပ်မည်ဖြစ်ပြီး တေးသံရှင် သုံးဦး၏ဖျော်ဖြေသီဆိုမှုများကို Three Friends Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"အစ်ကိုတွေနဲ့ ချစ်ငယ်က တစ်ချိန်တုန်းကတော့ တော်တော်လေး ဆုံခဲ့ကြပေမဲ့ မဆုံဖြစ်ကြတာ ဆယ်စုနှစ်နဲ့ချီရှိခဲ့ပြီဆိုတော့ ချစ်ငယ်လဲ တအားပျော်ပါတယ်။ တစ်ချိန်က သီချင်းတွေကို ပြန်လည် ခံစားနားဆင်ပေးဖို့ကြွခဲ့ကြပါအုံး"ဟု တေးသံရှင် မေခလာက ပြောပြသည်။

အဆိုပါနာမည်ရ တေးသံရှင်သုံးဦး သီဆိုဖျော်ဖြေမည့် တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂၀ ရက် ည ၆ နာရီ မိနစ် ၃၀ မှ စတင်ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Joker:Folie a Deux ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၁ သန်းကျော်ရရှိထား

**နယူးယောက် အောက်တိုဘာ ၈**

ဝါနာဘရားသားကုမ္ပဏီ၏ Joker:Folie a Deux ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၁ သန်းကျော် ရရှိထားကြောင်း သိရသည်။

ဝါနာဘရားသားကုမ္ပဏီသည် Joker:Folie a Deux ဇာတ်ကားကို အောက်တိုဘာ ၄ ရက်တွင် အမေရိကန်ဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များ၌ စတင်ရုံတင်ခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဆုံးချိန် အောက်တိုဘာ ၆ ရက်တွင် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၁ သန်း ရရှိခဲ့ပြီး ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော်ရရှိထားကြောင်း သိရသည်။

Joker:Folie a Deux ဇာတ်ကားကို ဒါရိုက်တာ ဘော့ဖီးလစ်က တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား ယိုဟာကွင်းဖီးနစ်နှင့် မင်းသမီး လေဒီဂါဂါတို့ ပါဝင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ဂီတဖျော်ဖြေပွဲကို ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ ဂီတဖျော်ဖြေပွဲကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။

နိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ ဂီတဖျော်ဖြေပွဲကို "ကူညီကမ်းဆက် ဂီတလက်ဖြင့်" အမည်ဖြင့် အောက်တိုဘာ ၁၁ ရက် ညနေ ၅ နာရီမှ ည ၉ နာရီထိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်ကတော့ မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အခမ်းအနားတွေကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ရဲ့အစီအစဉ်နဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ အမျိုးသား ဇာတ်ရုံကြီးမှာ စည်စည်ကားကား ကျင်းပသွားမှာပါ။ ဂီတလောက အလွှာစုံက တက်ရောက်ကြမှာဖြစ်ပြီး အောက်တိုဘာလမှာ နေပြည်တော်မှာ စည်စည်ကားကား ခမ်းခမ်းနားနားကျင်းပမဲ့ ဂီတအကယ်ဒမီပွဲအတွက်လဲ ရှေ့ပြေးအကြိုအနေနဲ့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ကျင်းပမှာပါ"ဟု မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြသည်။

အဆိုပါရန်ပုံငွေဂီတ ဖျော်ဖြေပွဲအတွက် လက်မှတ်များကို Junction City၊ Junction Square၊ Yangon International Hotel (Music Box)၊ အမျိုးသားဇာတ်ရုံ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)တို့သို့ ဆက်သွယ်ကာ လက်မှတ်များ ဝယ်ယူနိုင်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects planetarium in Yangon, which is being upgraded to a space gallery, Myanmar-Korea Friendship (Dala) Bridge Project


Senior General Min Aung Hlaing inspects the Myanmar-Korea Friendship (Dala) Bridge Project.

**Nay Pyi Taw October 8**

This afternoon, along with Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, members of the entourage, including the Yangon Region chief minister, the Yangon Command commander, and officials, inspected the planetarium, which is being upgraded into a space gallery located in People's Square and Park, Dagon Township, Yangon Region, as well as the Myanmar-Korea Friendship (Dala) Bridge Project.

First, Yangon Mayor U Bo Htay explained the history of the planetarium, information about the planetarium, and the programs to upgrade the planetarium to a space gallery. The Senior General provided guidance on necessary matters.

After that, the Senior General and party observed the displays in each section, including the display of studying the constellations inside the planetarium.

The planetarium was opened in 1987 to commemorate Japan-Myanmar friendship and to increase knowledge of astronomical science for students and citizens, serving both educational and recreational purposes. It is now known that the planetarium will be upgraded and reopened as a space gallery.

Next, the Senior General inspected maintenance functions in People's Square and Park and provided guidance on necessary matters based on the presentations from responsible officials.

Then, the Senior General and party arrived at the Myanmar-Korea Friendship (Dala) Bridge Project, which is being constructed to connect Yangon and Dala. In the meeting hall, U Myo Thant, Union Minister for Construction, explained the reasons for the construction of the bridge, information about the bridge, the benefits of the project, and the implementation of the guidance provided by the Senior General during his inspection in May 2023. He also presented the completion of the Dala side approach structure, the main bridge, the mid-water piers, which is the main part of the bridge, the completion of the Yangon side approach structure, completion of work according to project work sections, quality maintenance works in carrying out project activities, workplace safety measures, and environmental maintenance works that are being carried out.

In response, the Senior General said systematic efforts should be made for the phase-by-phase completion of the bridge in time and for its durability as the facility will benefit the people. Traffic safety must be ensured. The connection of parts of the bridge must be perfect, clearance area must be systematically marked and safety of the mid piers must be taken into account.


Senior General Min Aung Hlaing presents a gift for project engineers.

The Senior General presented basket of fruits for engineers of the project through officials.

The Senior General and party inspected the functions of the bridge project and looked into the requirements. *See Page 14*


Senior General Min Aung Hlaing visits the Planetarium in Yangon.


Senior General Min Aung Hlaing observes a display inside the Planetarium.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Yangon Region Security and Development meeting




Senior General Min Aung Hlaing hears report on the collection of population and housing census 2024 in various townships.

**Nay Pyi Taw October 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the Yangon Region Security and Development meeting held at the meeting hall in Kone Myint Tha in Yangon Region this morning.

Also present at the meeting were Joint Secretary of the Council General Ye Win Oo and member Union Minister for Home Affairs Lt-Gen Yar Pyae of the SAC, the chief minister of Yangon Region, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Yangon Command, the Yangon mayor, ministers from the Yangon Region Government, military officers and departmental officials.

**Officers report security measures**

First, Yangon Region Command Commander Maj-Gen Zaw Hein reported to the Senior General on measures taken for regional stability and security, formation of Public Security and Anti-terrorism teams, cooperation of personnel and departmental staff in taking the population and household census, arrests of terrorists and seizures of weapons and ammunition during security operations and tasks carried out for cleanliness and magnificence of pagodas by personnel from local battalions and members of the Myanmar Police Force.

Then, Chief Minister U Soe Thein reported to the Senior General on salient points of the region, security measures taken at posts in townships and major roads, formation of the supervisory committee for public security and anti-terrorism teams and formation of public security and anti-terrorism teams and provision of their needs, taking the population and household census in respective census areas and cooperation of security officers and departmental staff for regional stability.



Senior General Min Aung Hlaing addresses the Yangon Region security and development meeting.

**Administrative, security officials, public required to perform duties with awareness and sense of security**

After hearing the reports, the Senior General delivered an address, saying members of the regional government and the regional command are required to cooperate in stability and security affairs in Yangon region. Nothing can be perfect in security matters and security measures involving the public can strengthen security. Public security means taking security measures in cooperation with the people conscientiously. Security risks can be reduced by cooperation of responsible officials and the public in security issues. Security risks can be prevented and reduced if public staff cooperate in security matters with security awareness. Public security and anti-terrorism teams have been formed and members of the teams are required to always raise their security awareness. Members of the teams are required to be vigilant against infiltration of terrorists into their wards and villages and for prevention of acts of terrorism in cooperation with the people with sense and awareness of security. Security can be strengthened only through public participation.

Since assumption of state duties, the SAC has adopted a future road map. It has clearly announced that the ultimate aim is to hold elections and to transfer state power to the winning government. It has consistently implemented the objective to achieve success. It can be learnt from what is happening in the country and in the international community that lack of honesty in politics leads to suffering consequences of dishonesty.

**Police, law enforcement, administrative officials mainly responsible for public security sector**

In a democracy, members of the police, law enforcement officials and administrative officials can mainly maintain democracy. Administrative bodies play an important role in the security sector. Members of the police are mainly responsible for public security and required to be capable and competent ones.

In training schools, it is necessary to conduct training programs correctly and ensure that the knowledge imparted can be practically applied in fulfilling duties. Security forces should be strong, reliable for the state, and trusted by the people. Administrative authorities should also recognize the responsibilities carried out by the police force and provide necessary administrative support and convenience. In terms of law enforcement and territorial security, members of the police force and administrative organizations should use the knowledge and skills they have been taught to perform their duties. Those responsible for administration should ensure that basic rules and regulations, such as traffic and road safety rules, are strictly followed by the public. Only by strictly enforcing basic rules can unwanted administrative issues be prevented. Therefore, the maintenance of order within the city must also be given due emphasis.

**District Administration**

Regarding district administration matters, districts have been expanded to effectively carry out administrative tasks and regional development projects. Therefore, district administrators are required to use the authority entrusted to them efficiently and work broadly to ensure the development and stability of the townships under their jurisdiction. They should administer the district to ensure coordination between the townships and the region, ensuring smooth administrative operations. In terms of security, district administrators are responsible for being constantly aware of the situations and changes within the townships they manage, assessing potential security risks. They must also oversee law enforcement, ensure orderly living conditions, and maintain cleanliness and beauty within the townships.

*See Page 14*

*From Page 12*

During the goodwill visit of President U Thein Sein to South Korea in 2012, discussions were held to implement a bridge project and it was launched in 2013. Construction work began in 2015. The Myanmar-Korea friendship bridge (Dala) is a Cable – Stayed Bridge and when completed coastal areas and the entire Ayeyawady Region will be accessible easily from Yangon through Dala, Twantay, Kawhmu, Kungyangon townships and Dedaye bridge. Moreover, it will help alleviate the current traffic congestion of Yangon to a certain degree. The bridge will also become a landmark of Yangon and facilitate the progress of multiple sectors including social, economic, health and education sectors.

100

*From Page 13*

Given that Yangon is a city with a large working population, including residents and workers from other regions, it is important to manage public spaces and transportation in an organized and regulated manner.

Moreover, as the country progresses on a multi-party democratic path, the rise of educated individuals is of paramount importance. District administrators are expected to maintain high enrollment rates in schools within their districts and ensure the growth of educated individuals. They should also work to create employment opportunities within their districts. To achieve success in industries, agriculture, and livestock farming, systematic efforts must be made.

With the open season approaching soon, it is important to provide opportunities for individuals to engage in physical activities and group sports. It is essential to create environments where the public can participate in physical exercises safely, as physical activity leads to good health. Only through good health can one work and study effectively. Therefore, administrative organizations in each district should do their best to create opportunities that promote both the physical and mental well-being of the public.

For those in administrative positions, it is important to strive to leave a lasting legacy in the areas where they serve. They should aim to establish a history of governance that is recognized and respected by the public. To do so, administrators must understand and apply effective governance methods, ensuring the development of the areas under their responsibility. Continuously studying and understanding administrative systems is key to fulfilling these duties effectively. Regarding governance, they should regularly seek knowledge through reading various forms of literature. By immersing themselves in good books, they will not only appreciate their content but also gain insights on how to carry out their responsibilities. Administrators must strive to bring dignity and prosperity to the townships and districts they oversee. By working honestly and diligently, they can successfully implement effective governance, fostering stability and development, said the Senior General. Then, the meeting was concluded.

100

# Farmers plan to grow more than 3,000 acres of maize in coming winter


A maize plantation.

**Htigyaing October 8**

The statistics of Htigyaing Township Agriculture Department of Sagaing Region showed that a total of 3,270 acres of maize will be planted in the township in coming winter.

As local authorities earmarked cultivation of 1,170 acres of maize and 2,100 acres of corns, totalling 3,270 acres in Htigyaing Township, local farmers will grow the crops from October to December this year.

U Ko Ko Aung, Head of Htigyaing Township Agriculture Department said: "Our township planned to grow more than 3,000 acres of maize and corn in coming winter. Our department decided to raise farmer awareness to grow maize and corns with prevention of pests for boosting production."

This year, officials of the Township Agriculture Department conduct training for local farmers and agricultural staff to have higher capacity for growing maize and corns successfully and shares techniques with local farmers for use of pesticides.

In Htigyaing Township, maize yields 50 baskets per acre and it needs to cost K500,000 per acre. Corn produces 15,000 pieces of corn with costing K500,000 per acre.

206

# Plan underway to grow more than 24,000 acres of groundnut in coming winter

**Mingin October 8**

According to the Mingin Township Agriculture Department, a total of 24,558 acres of croplands will be placed under winter groundnut in Mingin Township of Sagaing Region in coming winter.

Local farmers will grow winter groundnut from October to December in 2024.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department commented: "We earmarked cultivation of more than 20,000 acres of winter groundnut in the township. We will strive for meeting the target cultivation. Oil crops are thriving in the township. Sown acreage of groundnut is on the rise yearly."

It needs to use 1.5 baskets of groundnut seeds per acre in Mingin Township. Local farmers need to cost more than K200,000 per acre for quality seeds of groundnut, labour charge and pesticides. It produces more than 50 baskets of groundnut per acre.

This year, officials of Mingin Township Agriculture Department make field trips on inspection of groundnut plantations, focusing on prevention of pests and weeding of plantations to boost per-acre yield of crops.

206


A thriving groundnut field.

# Two scientists win Nobel Prize in Physics for discoveries enabling machine learning

**Stockholm October 8**

The 2024 Nobel Prize in Physics went to two scientists, John J. Hopfield and Geoffrey E. Hinton, for their foundational discoveries and inventions that enable machine learning with artificial neural networks, the Royal Swedish Academy of Sciences announced on Tuesday.

This year's laureates for the prize "used fundamental concepts from statistical physics to design artificial neural networks that function as associative memories and find patterns in large data sets," said Ellen Moons, chair of the Nobel Committee for Physics.

Hopfield works at Princeton University and Hinton at the University of Toronto. They used tools from physics to develop methods that are the foundation of today's powerful machine learning, the academy said in a press release.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Rafael ကုမ္ပဏီထုတ် စွမ်းအင်မြင့်လေဆာလက်နက်သစ် Lite Beam ကို အစ္စရေးတပ်မတော်တွင် တပ်ဖြန့်အသုံးပြု



အစ္စရေးနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Rafael Advanced Defense Systems (Rafael ကုမ္ပဏီ)သည် နောက်ဆုံးထုတ် စွမ်းအင်မြင့် လေဆာလက်နက်သစ် Lite Beam ကို အစ္စရေးတပ်မတော်တွင် တပ်ဖြန့်အသုံးပြုခဲ့ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့တော်တွင် ကျင်းပပြုလုပ်ခဲ့သော ၂၀၂၄ ခုနှစ် Association of the United States Army (AUSA) အခမ်းအနားတွင် ထုတ်ပြန်ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းအုပ်များအပါအဝင် ခြိမ်းခြောက်မှုများကို တိကျလျင်မြန်စွာ တုံ့ပြန်ဖျက်ဆီးနိုင်စွမ်းရှိမည့် Lite Beam လေဆာလက်နက်သစ်သည် ခံစစ်စွမ်းအားအတွက် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

Lite Beam သည် ဝေဟင်နှင့်မြေပြင်ပစ်မှတ်အမျိုးမျိုးကို တုံ့ပြန်တိုက်ပွဲဝင်နိုင်စွမ်းရှိမည့် တိုက်ရိုက်စွမ်းအင်သုံးလေဆာလက်နက်အဖြစ် ချဲ့ထွင်အသုံးပြုနိုင်ရန် Rafael ကုမ္ပဏီ၏ မဟာဗျူဟာမြောက်ကြိုးပမ်းဆောင်ရွက်ချက်တစ်ရပ်လည်းဖြစ်သည်။ ယခုနောက်ဆုံးထုတ် လေဆာစနစ်သစ်သည် အကွာအဝေး ကီလိုမီတာများစွာရှိ ပစ်မှတ်များကို တုံ့ပြန်တိုက်ခိုက်ဖျက်ဆီးနိုင်သည့် ၁၀၀ ကီလိုဝပ်စွမ်းအားထုတ် ပုံသေအခြေစိုက် လေဆာလက်နက်စနစ်ဖြစ်သည်။ Iron Beam ကို ယာဉ်တင်(ရွေ့လျားစနစ်)အဖြစ် လိုက်လျောညီထွေဖြစ်အောင် တီထွင်ထုတ်လုပ်ထားသည့် မိုဘိုင်းလ်ဗားရှင်းတစ်မျိုးပင်ဖြစ်ကြောင်း သိရသည်။

အပေ့ါစားယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုနိုင်ပြီး မတူညီသော စစ်ဆင်ရေးဇုန်များတစ်လျှောက် တိုက်ပွဲဝင်ဖြန့်ကြက်ချထားနိုင်ကာ ဒရုန်းများ၊ ဒုံးကျည်နှင့် မော်တာကျည်ခဲယမ်းများထိ လေကြောင်းခြိမ်းခြောက်မှုမျိုးစုံကို တုံ့ပြန်တိုက်ဖျက်နိုင်စွမ်းရှိသည်။

ထိရောက်အကွာအဝေးမီတာ ၂၀၀၀ ဖြင့် Lite Beam လေဆာလက်နက်စနစ်သည် အဆင့်မြင့်ခြေရာခံထိန်းကျောင်းရေးစနစ်ဖြင့် ပစ်မှတ်များကို တိကျစွာခြေရာခံနိုင်စွမ်းရှိမည်ဖြစ်ပြီး အခြားတန်ပြန်ဒရုန်းရန် ကာကွယ်တိုက်ဖျက်ရေးစနစ်များနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။

၎င်း၏ ပြောင်းလွယ်ပြင်လွယ်ရှိစွာဖွဲ့စည်းတည်ဆောက်ထားပုံသည် သံချပ်ကာယာဉ်များ၊ သင်္ဘောများနှင့် မြေပြင်အခြေစိုက်စခန်းများအပါအဝင် ပလက်ဖောင်းအမျိုးမျိုးတွင် တပ်ဆင်အသုံးပြုနိုင်စေမည်ဖြစ်သည်။ စွမ်းအင်မြင့်လေဆာလက်နက်နည်းပညာသည် MBDA၊ Rheinmetall၊ Lockheed Martin နှင့် Raytheon အပါအဝင် အခြားနိုင်ငံတကာကာကွယ်ရေး စက်မှုလုပ်ငန်းကုမ္ပဏီအများအပြားမှ အနိမ့်ဆုံး ၁၀ ကီလိုဝပ်ထုတ်လွှတ်နိုင်စွမ်းရှိသည့် လေဆာလက်နက်စနစ်များကို တီထွင်ထုတ်လုပ်လျက်ရှိသည်။

Lite Beam လေဆာလက်နက်၏ ယာဉ်တင်ဗားရှင်းတွင် လျင်မြန်ပြီး တိကျသော လေဆာကာကွယ်ရေးစွမ်းဆောင်နိုင်မှုသည် Rafael ကုမ္ပဏီ၏ တိုးတက်ဖွံ့ဖြိုး လုပ်ဆောင်နိုင်မှုများကို မီးမောင်းထိုးပြလျက်ရှိကြောင်း သိရသည်။

**New High-Energy Lite Beam Laser from Rafael to Neutralize Drone Swarms and IEDs ကို ဘာသာပြန်ဆိုထားပါသည်။**

## နှစ်စဉ် ဒရုန်းအစင်းရေ လေးသန်းထိထုတ်လုပ်နိုင်ဟု ယူကရိန်းသမ္မတ ပြောကြား

ယခုအခါ ယူကရိန်းနိုင်ငံသည် နှစ်စဉ် ဒရုန်းအစင်းရေ လေးသန်းထိ ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ထုတ်ဖော်ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြည်ပနိုင်ငံများမှ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ ဒါဇင်ပေါင်းများစွာ၏ အမှုဆောင်အရာရှိများရှေ့တွင် ပြောကြားခဲ့သော ယူကရိန်းသမ္မတ၏ မိန့်ခွန်းတွင် ယူကရိန်းသည် ယခုနှစ် ပထမသုံးလပတ်အတွင်း ဒရုန်းအစင်းရေ ၁ ဒသမ ၅ သန်းကို ဝယ်ယူဖြည့်တင်းရန် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအရေအတွက်သည် ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးတာဝန်များအတွက် ၂၀၂၄ ခုနှစ်တွင် ယူကရိန်းနိုင်ငံ၏ ကနဦးရည်မှန်းချက်ဖြစ်သော ဒရုန်းအစင်းရေ တစ်သန်း ပိုင်ဆိုင်အသုံးပြုနိုင်ရေးထက် ကျော်လွန်နေပြီလည်းဖြစ်သည်။ အလျင်အမြန် ဆန်းသစ်တီထွင်ထုတ်လုပ်နိုင်စေရေးအတွက် အာရုံစိုက်ကြိုးပမ်းလုပ်ဆောင်နေသည့် ကာကွယ်ရေးစက်မှုလုပ်ငန်းကဏ္ဍသစ်တစ်ရပ်ကို တည်ဆောက်နေသောကြောင့် အရေအတွက်သည် ပိုမိုမြင့်တက်လာဖွယ်ရှိနေသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံ၏ ယူကရိန်းအထူးစစ်ဆင်ရေးမစတင်မီ ယူကရိန်းနိုင်ငံ၌ ဒရုန်းများထုတ်လုပ်မှု လုံးဝမရှိသလောက်ပင်ဖြစ်သည်။ သို့သော် ပဋိပက္ခကာလများအတွင်း ယူကရိန်းနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ၎င်း၏ပြည်တွင်း စစ်လက်နက်ထုတ်လုပ်မှုကို သုံးဆတိုးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမရှစ်လတွင် နှစ်ဆတိုးနိုင်လိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

"ပြီးခဲ့တဲ့နှစ်တွေက ယူကရိန်းကာကွယ်ရေးစက်မှုလုပ်ငန်းက ကံမကောင်းစွာဘဲ အားကိုးရာမဲ့ခဲ့ပါတယ်။ ခုချိန်မှာတော့ အနည်းဆုံး ဥရောပမှာ ထိပ်တန်းနိုင်ငံဖြစ်လာဖို့ လမ်းကြောင်းပေါ်ရောက်နေပါတယ်"ဟု ဇီလန်စကီးက ပြောကြားခဲ့သည်။

ယူကရိန်း၏ ဒရုန်းများထုတ်လုပ်မှုအရှိန်အဟုန် မြင့်တက်လာခြင်းသည် ရုရှားတပ်ဖွဲ့များ၏ တိုက်စစ်ဆင်မှုများကို တန်ပြန်ရန်အတွက် Army of Drones ဟုခေါ်သည့် အစီအစဉ်တစ်ခုနှင့် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံရပ်ခြား မိတ်ဖက်ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် Army of Drones ဟုခေါင်းစဉ်တပ်၍ ဒရုန်းများ ပံ့ပိုးမှုရယူခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများဖြင့် ရှေ့တန်းစစ်မျက်နှာတစ်လျှောက် စဉ်ဆက်မပြတ်စောင့်ကြည့်ထောက်လှမ်းနိုင်ရန် ယူကရိန်းစစ်ဘက်ကို ကူညီပေးလျက်ရှိသည်။ ထို့ပြင် ဒရုန်းများကို ရုရှားနိုင်ငံနောက်ပိုင်းနေရာများထိ တာဝေးပျံသန်းတိုက်ခိုက်မှုများအတွက် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ပြီး လက်ရှိတွင် ယူကရိန်းသည် အမေရိကန်နိုင်ငံအပါအဝင် ပြည်ပမှ ပံ့ပိုးပေးထားသော လက်နက်များ အသုံးပြုတိုက်ခိုက်ခွင့်ကို အမေရိကန်နိုင်ငံထံမှ ဆက်လက်တောင်းခံထားဆဲဖြစ်သည်ဟု ဇီလန်စကီးက မှတ်ချက်ပြုခဲ့ကြောင်း သိရသည်။



ယူကရိန်းနိုင်ငံအနေဖြင့် ဒရုန်းများအပြင် အမြောက်ကျည်ထုတ်လုပ်မှုကို ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်၏ ပထမနှစ်ဝက်တွင် အမြောက်ကျည်ထုတ်လုပ်မှု ၂၅ ဆ တိုးမြှင့်နိုင်ပြီဖြစ်သည်ဟု ဇီလန်စကီးက ကြေညာခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် ရှေ့တန်းစစ်မျက်နှာများအတွက် ခဲယမ်းများ လျင်မြန်စွာ ပြန်လည်ဖြည့်တင်းရန်အတွက် ပြည်တွင်း၌ ၁၅၅ မီလီမီတာ အမြောက်ကျည်များကို စတင်ထုတ်လုပ်နေပြီဖြစ်သည်။ ထို့ပြင် ကာကွယ်ရေးစက်မှုလုပ်ငန်းသည် ယူကရိန်းတပ်မတော်အတွက် ၅ ဒသမ ၄၅x ၃၉ မီလီမီတာနှင့် ၅ ဒသမ ၅၆x၄၅ မီလီမီတာ ခဲယမ်းများ ထုတ်လုပ်မှုကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**Zelensky Says Ukraine Can Now Produce Four Milion Drones a Year ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်း ပြကွက်အလိုက် ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုစဉ်။







နက္ခတ်တာရာပြခန်းအတွင်း ပြကွက်အလိုက်ပြသထားရှိမှုများကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နက္ခတ်တာရာပြခန်းအတွင်းရှိ ပြကွက်အလိုက်ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကို လေ့လာခြင်းပြကွက်များအား ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

နက္ခတ်တာရာပြခန်းကို အာကာသပြခန်းအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်း အတွင်းရှိ ပြကွက်အလိုက်ပြသထားရှိမှုများ နှင့် ကြယ်နက္ခတ်တာရာများကိုလေ့လာခြင်း ပြကွက်တို့ကို ကြည့်ရှုကြသည်။

အဆိုပါနက္ခတ်တာရာပြခန်းကို ဂျပန်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ၁၉၈၇ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသားလူငယ်များနှင့် ပြည်သူများ၊ နက္ခတ်တာရာသိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေပျော်ရွှင်စေရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နက္ခတ်တာရာပြခန်းကို အဆင့်မြှင့်တင်မှုများပြုလုပ်၍ အာကာသပြခန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နက္ခတ်တာရာ ပြခန်းအတွင်းရှိ ပြကွက်အလိုက် ပြသထားရှိမှုများနှင့် ကြယ်နက္ခတ်တာရာများကို လေ့လာခြင်းပြကွက်များအား ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**တံတားတည်ဆောက်ရေးစီမံကိန်းသည် ပြည်သူများအတွက် အကျိုးပြုသည့်လုပ်ငန်း တစ်ခုဖြစ်သဖြင့် တံတားတည်ဆောက်မှုလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အပိုင်းအလိုက်ပြီးစီးစေရေးနှင့် တံတားကြံ့ခိုင်မှုကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လို . . .**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့နှင့်ဒလမြို့တို့ကို ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံတားတည်ဆောက်ရေးစီမံကိန်းဖြစ်ပေါ်လာပုံနှင့် တံတားဆိုင်ရာအချက်အလက်များ၊ စီမံကိန်း၏ အကျိုးကျေးဇူးများ၊ ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဒလဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းပြီးစီးမှုပင်မတံတားလုပ်ငန်းပြီးစီးမှုတံတား၏အဓိကကျသည့် ရေလယ်တာဝါတိုင်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းပြီးစီးမှု၊ စီမံကိန်းလုပ်ငန်း အပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **တံတားတည်ဆောက်ရေးစီမံကိန်းသည် ပြည်သူများအတွက် အကျိုးပြုသည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် တံတားတည်ဆောက်မှုလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အပိုင်းအလိုက်ပြီးစီးစေရေးနှင့် တံတားကြံ့ခိုင်မှုကောင်းမွန်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊** မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သွားလာနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားတွဲဆက်ခြင်းလုပ်ငန်းများစနစ်တကျဖြစ်ရန်လိုကြောင်း၊ သင်္ဘောများ၏ ရေလမ်းကင်းလွတ်မှုကိုလည်း စနစ်တကျဆောင်ရွက်သွားရန်နှင့် ရေလယ်တာဝါတိုင်များ အန္တရာယ်ကင်းရှင်းရေးအတွက်လည်း ကြိုတင်စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အင်ဂျင်နီယာများအတွက် ဂုဏ်ပြုသစ်သီးခြင်းများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံတွင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး တံတားစီမံကိန်း တစ်ခုအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable-Stayed Bridge) အမျိုးအစားဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များ၊ ဒေးဒရဲတံတားမှတစ်ဆင့် ကမ်းခြေဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုများသည်လည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးသက်သာသွားမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ်(Landmark)တစ်ခုလည်း ဖြစ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မ၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ **ကျောဖုံးမှအဆက်**

လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ ဖော်ထုတ်ရမိမှုနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှု၊ တပ်နယ်များအလိုက် နယ်မြေခံ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွစုပေါင်း၍ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ ဘုရား၊ စေတီများ၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များနှင့် မြို့နယ်များအလိုက်၊ လမ်းမကြီးများအလိုက်ရှိ စစ်ဆေးရေးနေရာများတွင် လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် လိုအပ်သည်များ ထောက်ပံ့ပေးနိုင်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ကောက်ကွက်များအလိုက် ကောက်ယူဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးက အတူတကွ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လုံခြုံရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူလူထုများအားလုံး လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ အတူတကွပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပါဝင်သည့် လုံခြုံရေးသည် ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူများက လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့်လည်း လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများကို တားဆီးနိုင်မည်၊ လျော့ကျစေနိုင်မည်ဖြစ်ကြောင်း။

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိ အမြင်များ အမြဲမပြတ်ရှိနေရမည်ဖြစ်ကြောင်း၊ **အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည်ခိုင်မာအားကောင်းနိုင်မည်ဖြစ်**ကြောင်း။

**အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှု မရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်၊ ပြည်သူလူထုပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်...**

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏အာဏာများ ပြန်လည်အပ်နှင်းသွားမည်ဟု အတိအလင်း ပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် အောင်မြင်စေရေး မိမိတို့အနေဖြင့် တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးတွင် ရိုးသားမှုမရှိပါက ရိုးသားမှုမရှိခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားရမည်ဖြစ်ကြောင်းကို မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်များအပြင် နိုင်ငံတကာဖြစ်စဉ်များတွင်လည်း မြင်တွေ့ရမည်ဖြစ်ကြောင်း။

**ပြည်သူ့လုံခြုံရေးကဏ္ဍတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက အဓိကထိန်းကျောင်းရမည်**

ဒီမိုကရေစီနိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များ၊ တရားရေးရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒီမိုကရေစီကို အဓိကထိန်းကျောင်းပေးနိုင်ကြောင်း၊ လုံခြုံရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသည့်အဖွဲ့အစည်းဖြစ်ပြီး စွမ်းရည်၊ စွမ်းအားရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ သင်တန်းကျောင်းများ၌ လေ့ကျင့်ရေးဆိုင်ရာများကို မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုပြီး လက်တွေ့ တာဝန်ထမ်းဆောင်ရာတွင် သင်ကြားထားသည်များကို ပြန်လည်အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ အသိအမှတ်ပြု၍ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများနှင့် သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့သင်ကြားထားသည့်အသိပညာ၊ အတတ်ပညာများကိုအသုံးချ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကဲ့သို့သော အခြေခံစည်းမျဉ်းစည်းကမ်းများမှစ၍ အများပြည်သူက လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံစည်းကမ်းများမှအစ လိုက်နာအောင် ထိန်းသိမ်းကြပ်မတ်နိုင်မှသာလျှင် မလိုလားအပ်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်လာမှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့တော်၏ စည်းကမ်းထိန်းသိမ်းရေးအပိုင်းကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

**ခရိုင်အုပ်ချုပ်ရေး**

ခရိုင် အုပ်ချုပ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ အုပ်ချုပ်မှုကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ထိရောက်စွာအသုံးချ၍ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်စေရေး၊ တည်ငြိမ်အေးချမ်းမှုရှိစေရေး ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်နှင့် တိုင်းဒေသကြီးအကြား လိုက်လျောညီထွေဖြစ်စေရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ခရိုင်က စီမံအုပ်ချုပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍လည်း ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိပြီး မိမိတို့တာဝန်ယူရသည့် မြို့နယ်များ၏ အချက်အလက်များ၊ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို အမြဲမပြတ်သိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုဖြစ်ပေါ်လာမည့်အခြေအနေများကို သုံးသပ်တွက်ချက်နေရမည်ဖြစ်ကြောင်း၊ ထို့ပြင် မြို့နယ်များအလိုက် တရားဥပဒေစိုးမိုးရေး၊ နေထိုင်မှုများ စည်းကမ်းစနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ရန်ကုန်မြို့သည် အလုပ်အကိုင်များပြားပြီး ဒေသတွင်းနေထိုင်လုပ်ကိုင်သူများ၊ နယ်မြို့များမှ လာရောက်လုပ်ကိုင်သူများ များပြားသည့်အတွက် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ ယာဉ်စီးနင်းမောင်းနှင်မှုများကိုလည်း စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမည်ဆိုပါက ပညာတတ်များပေါ်ကြွယ်ဝရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် မိမိတို့တာဝန်ယူထားရသည့် ခရိုင်အတွင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားစေရေး၊ ပညာတတ်များပေါ်ကြွယ်ဝရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရိုင်အလိုက် အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုရှိသည့် စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက်လည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း။

မကြာမီ ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် တစ်ဦးချင်းကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေး၊ အဖွဲ့လိုက် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရေးအတွက်လည်း ဖော်ဆောင်ပေးရန်လိုကြောင်း၊ ပြည်သူလူထုတို့အနေဖြင့် အန္တရာယ်ကင်းစွာဖြင့် ကိုယ်လက်လှုပ်ရှားမှုများ

**စာမျက်နှာ ၁၉ သို့**

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၉ ရက်မြောက်နေ့ ကောက်ယူနေပါသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Daihei Mochizuki ခန့်အပ်လွှာ လာရောက်ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Daihei Mochizuki ၎င်း၏ခန့်အပ်လွှာကို ပေးအပ်စဉ်။



# (၂၄)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ အောက်တိုဘာ ၇ ရက်က ကျင်းပသည့် (၂၄)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်း ကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ မတိုင်မီနှင့် ၂၀၂၅ အလွန် ဒေသတွင်းစီးပွားရေး မျှော်မှန်းချက်များ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှုအခြေအနေ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ ၏ အပြီးသတ်ကာလ ပြန်လည်သုံးသပ်မှုအပါအဝင် လမ်းပြမြေပုံအကောင်အထည်ဖော်မှု၊ ကဏ္ဍများအကြား ပေါင်းစပ်အကောင်အထည်ဖော်ရမည့် စဉ်ဆက်မပြတ် ရေရှည်တည်တံ့မှုလုပ်ငန်း အစီအစဉ်များ၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးအစီအစဉ်နှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်အရ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက်ရေးဆွဲမှုများအပေါ် ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ (၄၄)ကြိမ်မြောက်နှင့် (၄၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများသို့ တင်ပြမည့်အစီရင်ခံစာကို အတည်ပြုခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်ရှိ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များကို အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင် ဆောင်ရွက်ရန်၊ အာဆီယံဒစ်ဂျစ်တယ် စီးပွားရေးမူဘောင် သဘောတူစာချုပ် ညှိနှိုင်းမှုများကို ၂၀၂၅ ခုနှစ်တွင် အချိန်မီ အပြီးသတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ်ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်းပြီး ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်တို့ကို ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် လာအိုနိုင်ငံ စက်မှုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H. E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း ကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်တို့လည်း တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၈ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ဆောင်ရွက်နိုင်ရန် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုများမှ ကျန်းမာမည်ဖြစ်ပြီး ကျန်းမာမှသာလျှင် အလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ခရိုင်အလိုက်ရှိ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိစေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သရွေ့အကောင်အထည်ဖော်ဖန်တီးပေးနိုင်ရန်လိုကြောင်း။

အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နေရာဒေသအလိုက် တာဝန်ထမ်းဆောင်ရာတွင် မှတ်ကျောက်တစ်ခုစိုက်ထူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အများပြည်သူက အသိအမှတ်ပြုရလောက်သည့် အုပ်ချုပ်မှုသမိုင်းကြောင်းကို ထားရှိနိုင်ခဲ့ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနည်းနာများကို သိရှိနားလည်နေရမည်ဖြစ်ပြီး မိမိတို့တာဝန်ယူရသည့်နေရာများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးနည်းစနစ်များကို အမြဲမပြတ်လေ့လာသိရှိနားလည်နေမှသာလျှင် တာဝန်များကိုကျေပွန်ကောင်းမွန်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဗဟုသုတစာပေများကိုလည်း အမြဲလေ့လာနေရန်လိုကြောင်း၊ စာကောင်းပေမွန်များ ဖတ်ရှုလေ့လာပြီး ၎င်းစာများ၏အရသာကို သိသွားပါက မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် နည်းလမ်းကိုလည်းရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် မြို့နယ်အလိုက်၊ ခရိုင်အလိုက် ကျက်သရေမင်္ဂလာရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏တာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ဆောင်ရွက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အနှစ်သာရကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်၍ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကြား ဖွံ့ဖြိုးမှုအကူအညီကိစ္စရပ်များအပါအဝင် ပူးပေါင်းဆောင်ရွက်ရာတွင် ကျင့်သုံးနေသည့်မူဝါဒများနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာမှုအကူအညီအမှန်တကယ်လိုအပ်သူများထံသို့ ခွဲခြားမှုမရှိဖြန့်ဝေပေးနိုင်ရေးအတွက် အလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှု အကူအညီပေးမှုများကို ပိတ်ဆို့တားဆီးမှုမရှိကြောင်း၊ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့် ဒေသအားလုံးကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ခရီးသွားလာခြင်းကို လုံခြုံရေးကိစ္စအလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို အကူအညီပေးရာတွင် အဓိကသက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ထိရောက်သည့် အကူအညီဖြစ်စေရန်၊ လုပ်ငန်းမထပ်စေရန် အမျိုးသားဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊အလှူရှင်ကိုယ်စားလှယ်များအနေဖြင့် ဖြန့်ဝေမှုကို လိုက်ပါလိုပါက အတူလိုက်ပါနိုင်ပါကြောင်း၊ တိုင်ဖွန်းမုန်တိုင်းရာဂိဒဏ်သင့် ဒေသများ၌ လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် မြန်မာအစိုးရ၏ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံအခြေအနေမှန်များကို သမာသမတ်ကျကျ ဘက်လိုက်မှုမရှိဘဲ နိုင်ငံတကာအသိုက်အဝန်းသို့ အသိပေးစေလိုကြောင်းကိုလည်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်စပ်လျဉ်း၍ လာမည့် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုရှိစေရန် နိုင်ငံတစ်ဝန်းသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှစတင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲ လမ်းကြောင်းဖြင့်သော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆောင်ရွက်နိုင်ရန်လည်း ဖိတ်ခေါ်ထားကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအေဂျင်စီများက ၎င်းတို့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအပါအဝင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါရှင်းလင်းပြောကြားမှုအစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့ စုဝေးရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၌ ဟိုတယ်နှင့်တည်းခိုခန်းများ ကြိုတင်မှာယူမှုဖြင့် အခန်းများပြည့်နေ

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တို့ စုဝေးရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ နှစ်စဉ် သီတင်းကျွတ်ကာလ၌ ခရီးသွားများပိုမိုဝင်ရောက်လေ့ရှိရာ ယခုနှစ် သီတင်းကျွတ်လပြည့်နေ့အပါအဝင် အဖိတ်နေ့နှင့် လပြည့်ကျော် ၁ ရက်တို့တွင် လာရောက်လည်ပတ်ကြမည့် ခရီးသွားများနှင့် ဆီမီးပူဇော်ကုသိုလ်ယူကြမည့် ဘုရားဖူးများ၏ ကြိုတင်မှာယူမှုများဖြင့် ဟိုတယ်နှင့်တည်းခိုခန်းများတွင် အခန်းများပြည့်နေကြောင်း သိရသည်။

ယမန်နှစ်ပွဲတော်ကာလတွင် သီတင်းကျွတ်အဖိတ်နေ့မတိုင်မီ မြန်မာနိုင်ငံတစ်ဝန်းမှ ဘုရားဖူးခရီးသွားများ တဖွဲဖွဲဝင်ရောက်ခဲ့ပြီး ရုံးပိတ်ရက်ကာလအတွင်း ဘုရားဖူးခရီးသွား အထူးစည်ကားခဲ့မှုကြောင့် ဟိုတယ်များလူပြည့်ခဲ့ရာ ဘုရားဖူးများ ကားလမ်းဘေးတစ်လျှောက်တွင် ယာဉ်များပေါ်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားဇောင်းတန်းတို့တွင်လည်းကောင်း တည်းခိုရသည်အထိ ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှုစည်ကားခဲ့သည်။

အေးချမ်းသာယာသည့် ပုဂံဒေသတွင် ယမန်နှစ် အောက်တိုဘာ ၉ ရက် သီတင်းကျွတ်လပြည့်နေ့၌ ခရီးသွားဦးရေ သိန်းကျော် ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ တည်းခိုခန်းများနှင့် ဒေသခံများ အလုပ်အကိုင်ပွင့်လန်းခဲ့သည်။ ယခုနှစ် သီတင်းကျွတ်ပွဲတော်ကာလ၌ ယမန်နှစ်ကကဲ့သို့ ခရီးသွားများပြားနိုင်မှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုအပေါ် ဒေသခံများ ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိသည်။

“ဒီနှစ်သီတင်းကျွတ်ကာလ ခရီးသွားစည်ကားမယ့်သဘောပါ။ မနှစ်ကလိုပဲ စည်ကားမှာပါ။ အဖိတ်နေ့၊ လပြည့်နေ့နဲ့ လပြည့်ကျော်ရက်တွေမှာ အခန်းမှာယူမှုပြည့်နေပါပြီ။ ကျန်တဲ့ရက်တွေအတွက် ဟိုတယ်နဲ့တည်းခိုခန်းတွေ ရှိနေပါသေးတယ်။ ပုဂံဒေသဟာ အေးချမ်းသာယာတဲ့ဒေသဖြစ်တာကြောင့် မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနဲ့ ရန်ကုန်က ခရီးသွားတွေ ဝင်ရောက်နိုင်တဲ့အတွက် ဟိုတယ်၊ တည်းခိုခန်းတွေမှာ ကြိုတင်မှာယူထားကြတာပါ။ ခရီးသွားလုပ်ငန်းနဲ့ ရှင်သန်တဲ့ဒေသဖြစ်တာကြောင့် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းမှုအပေါ် အားရကျေနပ်မှုဖြစ်ရပါတယ်။ မနှစ်ကလည်း ခရီးသွားများပြားခဲ့တာကြောင့် ဒီနှစ်လည်း ခရီးသွားမနည်းမှာသေချာပါတယ်။ ခရီးသွားတွေကို အကောင်းဆုံးဝန်ဆောင်မှုကောင်းတွေ ပေးနိုင်အောင် ပြင်ဆင်နေတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်”ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က ပြောပြသည်။

ရှေးဟောင်း ယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီပေါင်း ၃၈၃၇ ဆူရှိ၍သီတင်းကျွတ်လပြည့်နေ့၌ ပုဂံဒေသခံများက ရွှေစည်းခုံစေတီတော်မြတ်နှင့် ကျေးရွာအလိုက် စေတီငယ်တို့တွင် ဆီမီးများပူဇော်ကြလေ့ရှိကာ ခရီးသွားများက အထင်ကရနေရာများဖြစ်သည့် ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာ၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညု၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မနူဟာစေတီတော်၊မြစေတီ၊လောကနန္ဒာနှင့်ဓမ္မရာဇိကတို့တွင် နံနက်ပိုင်း ဆွမ်းကပ်လှူခြင်းနှင့် ညပိုင်းဆီမီးပူဇော်မှုတို့ဖြင့် ကုသိုလ်ယူကြပြီး အထူးစည်ကားလေ့ရှိသည်။

“ကျွန်တော်တို့တည်းခိုခန်းတွေဆိုရင် အောက်တိုဘာ ၁၆၊ ၁၇၊ ၁၈ ရက်တွေအတွက် အခန်းပြည့်နေပါပြီ။ ခရီးသွားတွေအဆင်ပြေအောင် အခန်းခတွေက အရင်ဈေးအတိုင်းပါပဲ။ ခရီးသွားတွေဟာ ကျေးဇူးရှင်တွေဖြစ်တဲ့အတွက် သူတို့အဆင်ပြေအောင်ဝန်ဆောင်မှုပေးတာဟာ ပုဂံဒေသရဲ့ဂုဏ်ကို မြှင့်တင်မှုတစ်ခုပါပဲ။ ပွဲတော်ကာလ လျှပ်စစ်မီးအဆင်ပြေရင် ဝမ်းသာကြမှာပါ။ တည်းခိုခန်းပေါင်း ၃၉ လုံးက ခရီးသွားပြည်သူတွေကို ဝန်ဆောင်မှုကောင်းပေးဖို့ အားလုံးအသင့်ဖြစ်နေပါပြီ”ဟု ပုဂံခြံအမှတ်(၁၈) တည်းခိုခန်းမှ ဦးမိုးဝေက ပြောပြသည်။

ပုဂံယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများတည်းခိုနိုင်ရန် လိုင်စင်ရဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၁၅၃ လုံးရှိပြီး တည်းခိုခန်းများတွင်လည်း အခန်းကြိုတင်မှာယူမှု ပြည့်နေကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

| ထူးခြားသည့် နေ့အပူချိန်များ (၈-၁၀-၂၀၂၄) | | | | |
|---|---|---|---|---|
| ဇလွန် | ၃၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | |
| ဘီးလင်း | ၃၆ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် | |
| ပဲခူး | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| ချောက် | ၃၅ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် | |
| ခရမ်း | ၃၅ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် | |
| တောင်ငူ | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |
| ဖြူး | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | |
| မန္တလေး | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် | |
| နေပြည်တော် | ၃၄ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် | |

# သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် အောက်တိုဘာ ၈**

မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်း ပွဲတော်တွင် ပြည်သူများပျော်ရွှင်စွာပါဝင် ဆင်နွှဲနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေး ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီး များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြော ကြားရာတွင် မန္တလေးကျုံးဘေး တစ်လျှောက်တွင် မြန်မာ့ရိုးရာသီတင်း ကျွတ်မီးထွန်းပွဲတော်ကို သီတင်းကျွတ် လပြည့်နေ့၌ ကျင်းပသွားမည်ဖြစ် ကြောင်း၊ ပြည်သူများစိတ်ပျော်ရွှင်ချမ်း မြေ့စွာကြည့်ရှုနိုင်ရန် တေးသီချင်းများဖြင့် ဖျော်ဖြေမှုများ၊ မြန်မာ့ရိုးရာအစား အစာများဖြင့် စတုဒိသာကျွေးမွေးဧည့်ခံ ခြင်းများအပါအဝင် အခြားအစီအစဉ်များ ကိုလည်း စည်ကားသိုက်မြိုက်စွာထည့် သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ကဏ္ဍ များအလိုက် လုပ်ငန်းများဆောင်ရွက်ရာ တွင် ယခင်နှစ်ဆောင်ရွက်ခဲ့မှု၏အားနည်း ချက်၊ အားသာချက်များအပေါ် သုံးသပ် ကာ ပိုမိုကောင်းမွန်စေရေး အားလုံး ပူးပေါင်း၍ စနစ်တကျကြပ်မတ်ဆောင် ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများ နှင့် တာဝန်ရှိသူများက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အလိုက် ဆွေးနွေးအကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၈**

၂၀၂၄ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက် ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစား ကွင်း၊ ရုံများတွင် ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တတိယ နေရာလုပွဲများကို ဇေယျာသီရိအားကစားရုံ (B)တွင် အမျိုးသားပွဲစဉ်အဖြစ် ကာကွယ် ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့်ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်း မှူးရုံးအသင်းကို သုံးပွဲပြတ်ဖြင့်လည်း ကောင်း၊ အမျိုးသမီးပွဲစဉ်အဖြစ် အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့်ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အောက်တိုဘာ ၉ ရက်တွင် ဗိုလ်လုပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌ အားကစားအမျိုးအစား အလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်း ကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစား ရုံတို့၌လည်းကောင်း အသီးသီးယှဉ်ပြိုင် ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲကို ညနေ ပိုင်းတွင် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ တတိယနေရာလုပွဲစဉ် အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစု များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစား သမားများနှင့် အားကစားဝါသနာရှင် များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ (မဝ၁)







၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀(ဂ) တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ် စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါ ရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကိုရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှုပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများလျှောက်ထားနိုင်ပြီ ဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
(ခ) ကမ္ဘာ့ရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ)ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ရောဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင် ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ “**ပြည်သူ့ကြားကပြည်သူ့စကား**”အစီအစဉ်မှ“ **အစိုးရရဲ့ကမ်းလှမ်းမှုမှာ PDF တွေ ဘာဆက်လုပ်သင့်လဲ**” ခေါင်းစဉ်ဖြင့် ၉-၁၀-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “ **တိုင်းပြည်တည်ငြိမ်မှာကို မလိုလားသူများက သန်းခေါင်စာရင်းကောက်ခံသူတွေကို ဒုက္ခပေးနေ**”ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် အလှူငွေလက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုကို ကူညီထောက်ပံ့နိုင်ရန်အတွက် အောက်တိုဘာ ၉ ရက်**(ယနေ့)**(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာခန်းမ၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်-

| | | |
|---|---|---|
| (၁) | ဦးမျိုးမြင့်အောင် | ဖုန်းနံပါတ် ၀၉-၂၆၁၁၇၉၂၅၈ |
| (၂) | ဦးဌေးအောင် | ဖုန်းနံပါတ် ၀၉-၂၆၁၁၇၉၂၅၆ |
| (၃) | ဦးခင်မောင်ဆန်း | ဖုန်းနံပါတ် ၀၉-၄၅၅၃၃၉၃၃၉ |
| (၄) | ဦးကျော်ကျော်အုန်း | ဖုန်းနံပါတ် ၀၉-၆၉၅၉၂၃၀၉၆ |
| (၅) | ဦးသန်းစိုး | ဖုန်းနံပါတ် ၀၉-၂၅၀၁၂၃၈၈၅ |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

  **မှတ်ချက်**။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ချင်းတွင်းမြစ် ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၈) သုခဝတီရပ်ကွက် ချင်းတွင်းမြစ် ကြက်မွေးဆိပ်ကမ်းတွင် ဈေးဝယ်လာသည့် လူငယ်တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ပြီး မြစ်ထဲမျှောခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏလုပ်ဆောင်လေ့ရှိကြောင်း၊ ထို့ပြင် ၎င်းတို့၏လုပ်ရပ်များကို အားပေးထောက်ခံမှု မရှိသူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲစေရန်အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ပြည်)




## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြား စုစုပေါင်း ၄၈ ဒသမ ၆၀၀၀ တန် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၃၀ ဒသမ ၁၉၂၈ တန်၊ သစ်မာ ၁၁ ဒသမ ၈၈၄၈ တန်၊ အခြား ၆ ဒသမ ၅၂၂၄ တန်၊ စုစုပေါင်း ၄၈ ဒသမ ၆၀၀၀ တန်၊ ယာဉ်၊ ယန္တရား ခုနစ်စီး၊ တရားခံ ၁၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။


၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။


## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၆ ရက် ညနေ ၅ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ လောက်တန်(ခ)လောက်စန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ရပ်စောက်မြို့ ဗထူးရပ်ကွက် ကျောက်ဂူ-ရပ်စောက်သွားကားလမ်းတွင် နိုင်ကိုထက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း၊ အလားတူ နံနက် ၅ နာရီတွင် မိုင်းဆတ်မြို့နယ် မယ်နင်ကျေးရွာအုပ်စု မယ်နင်ကျေးရွာအနီးတွင် ခါးကျင်မောင်းနှင်ပြီး ရွာမွေလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန်လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးကို ပစ်ခတ်ဖမ်းဆီး





ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဖောက်ခွဲဖျက်ဆီးရန်လာရောက်သည့် အကြမ်းဖက်သမားတစ်ဦးထံမှ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများကိုတွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦး-ပုဂံသွား ကားလမ်းပေါ်၌ အကြမ်းဖက်လုပ်ရပ်များကျူးလွန်ရန် လက်လုပ်မိုင်းများ သယ်ဆောင်လာသည့် အကြမ်းဖက်သမားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုမရှိစေရေးနှင့် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ယနေ့ နံနက် ၆ နာရီခန့်တွင် ပုဂံမြို့တွင်းသို့ ညောင်ဦးမြို့ဘက်မှ အမျိုးသားတစ်ဦးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို လိုအပ်သည်များစစ်ဆေးနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်တားဆီးခဲ့ရာ ဆိုင်ကယ်တိမ်းမှောက်ရပ်တန့်သွားခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဆိုင်ကယ်ကို သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ခွကြားတွင် ညှပ်၍ သယ်ဆောင်လာသည့် ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း နှစ်လုံး သိမ်းဆည်းရမိကာ ဆိုင်ကယ်မောင်းနှင်သူ အကြမ်းဖက်သမားသည် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေကြောင်း တွေ့ရှိရပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အကြမ်းဖက်လုပ်ရပ်များ မကျူးလွန်နိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ပြည်)

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Skill Min Thar Gyi”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ဘိုအောင်နိုင်အား ည ၆ နာရီ ၅ မိနစ်တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ပြည်)

ဝတ္ထုတိုကဏ္ဍ

# ကြွင်းကျန်ရစ်စေ

## မောင်ကြည်လင် (ရွှေကြိုးကြာ)



(၁)

မိုးစက်ကလေးများ တစ်ဖွဲဖွဲနှင့် ပတ်ဝန်းကျင်က ငြိမ်သက်လျက်ရှိနေသည်။ ကျောင်းအလံတိုင်ရှေ့ တန်းစီကွင်းကြီးက အထီးကျန်ဆန်လွန်းနေသည်။ စိန်ပန်းပွင့် နီနီရဲရဲတို့ လွင့်ကြွေနေ၏။ စိမ်းစိုသော တမာတန်းကြီးက ရွက်သစ်ဝေဖြာလျက်ရှိနေသည်။ ကျွန်မ စိတ်တွေက မိုးနှင့်အတူစွေ၍ လေနှင့်အတူ ပြေးနေသည်။

"ခင်ပြည့်ပြည့်ဖြိုးလားခင်ဗျာ။ ခင်ပြည့်လားဗျာ"

လူတစ်ယောက် ကျွန်မရှေ့မှာ ရပ်၍ခေါ်သဖြင့် ခြေလှမ်းတုန့်သွားမိသည်။

ကျွန်မ ယောင်အမ်းအမ်းဖြင့် ထိုသူကို ငေးကြည့်မိသည်။

" အို သူရဝင်း။ သူရဝင်း ဟုတ်ပါတယ်နော်"

အားရပါးရပြုံးလိုက်သော သူရဝင်းကို ကြည့်ကာ ကျွန်မ ဝမ်းနည်းလာသလို ခံစားနေရသည်။

"ကျွန်တော် ခင်ပြည့်ကို မြင်မြင်ချင်းမှတ်မိတယ်။ ခင်ပြည့်ရဲ့ မျက်လုံးအကြည့်တွေလေ။ အထူးသဖြင့် အခုလို မိုးစက်တွေကို ငေးကြည့်တတ်တဲ့ မျက်လုံးတွေကိုပေါ့"

"ဟုတ်မှာပါ။ ကျွန်မက မိုးစက်တွေကိုချစ်တယ်လေ"

"ခင်ပြည့် အခုဘယ်မှာ တာဝန်ကျလဲ။ ကျွန်တော်က မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်ကို စိတ်ပညာ လက်ထောက်ကထိကနဲ့ ပြောင်းလာတာ ရက်ပိုင်းပဲ ရှိသေးတယ်"

"ခင်ပြည့်လဲ မနေ့ကမှ မိတ္ထီလာပညာရေး ကောလိပ်ကို အလုပ်ဝင်စာ လာတင်တာပါ။ ကထိကနဲ့ပေါ့"

"ပျော်စရာပေါ့ဗျာ။ သူငယ်ချင်းတွေ ပြန်ဆုံရတာ။ ဟာ ဟိုမှာ ကံ့ကော်ပန်းတွေ"

သူရဝင်း ညွှန်ပြရာဆီ ကျွန်မ ကြည့်လိုက်သည်။ ဟုတ်ပါရဲ့နော်။ ကံ့ကော်ပန်းတွေ ပွင့်လို့ပါ။

ကံ့ကော်ရွက်တွေက ယိမ်းကနေကြသည်။ ပွင့်ဖူးနေတဲ့ ကံ့ကော်ပန်းများက အတိတ်ဆီသို့ လက်ယက်ခေါ်နေကြသည့်အလား။ အတိတ်ရပ်ဝန်းဆီ ကျွန်မ ခရီးနှင်လိုက်မိသည်။ ကံ့ကော်ပန်းတွေက အဖော်ပြုနေကြလျက်။

(၂)

သူနှင့်ကျွန်မ စတင်တွေ့ဆုံပုံက မဆန်းပါ။ ထိုနေ့က ကျမတို့ စိုက်ပျိုးရေး အချိန်ဖြစ်သောကြောင့် စိုက်ပျိုးခင်းသို့ သိပ္ပံ(ရူပ၊ဇီဝ) ကျောင်းသားအားလုံး ထွက်လာခဲ့ကြသည်။

မိတ္ထီလာပညာရေးကောလိပ်၏ စာသင်ချိန်ဇယားမှာ နံနက် ခြောက်နာရီ ကာယလေ့ကျင့်ချိန်ပြီးလျှင် ဖွံ့ဖြိုးရေးဘာသာရပ်တစ်ချိန် ရှိသည်။ ထိုအချိန်ပြီးလျှင် ကျောင်းသားများ ကိုယ်လက်သန့်စင်၊ ရေချိုး၊မနက်စာစားကြသည်။ နံနက်ကိုးနာရီတွင် တစ်နေ့တာစာသင်ချိန် စတင်ကြခြင်းဖြစ်သည်။

ထိုနေ့က သူနှင့်ကျွန်မ မုန်လာခင်းရေလောင်းစဉ် စတင်ကျွမ်းဝင်ခဲ့ခြင်းပင်ဖြစ်၏။

"တစ်ခန်းထဲနေကြပေမဲ့ စကားမပြောဖြစ်ကြဘူးနော်"

"ဟုတ်တယ်နော်။ ကျွန်တော်က စကားနည်းတာလဲပါတယ်"

ကျွန်မစကားကြောင့် ပြုံးစစနှင့် သူ ပြန်ဖြေသည်။သူ၏ စကားသံမှာ နူးညံ့နေသည်။ ယဉ်ကျေးမှုလည်း ရှိသည်။

"ငါ့နာမည်က ခင်ပြည့်ပြည့်ဖြိုး။ သူငယ်ချင်းတွေက ခင်ပြည့်လို့ခေါ်ကြတယ်လေ"

"ကျွန်တော့်နာမည်က ရွှေရောင်လင်း။ သူငယ်ချင်းတွေက ရွှေရောင်လို့ခေါ်ကြတယ်"

"စိုက်ပျိုးတာ ဝါသနာပါလား ရွှေရောင်"

"ဝါသနာပါတယ်။ ကိုယ်စိုက်တဲ့ အပင်တွေက အဖူး၊ အပွင့်တွေ ၊ အသီးတွေနဲ့ဆို ကျွန်တော်တအားပျော်တာ။ ဟိုးက ကံ့ကော်ပင်လေးက ကျောင်းဖွင့်စ စိုက်ပျိုးရေးအချိန်မှာ ဆရာ့ရဲ့ခွင့်ပြုချက်နဲ့ ကျွန်တော် စိုက်ထားတာ။ ညနေတိုင်း ရေလောင်းပေးနေတော့ အပင်လေးက လန်းဆန်းနေတာပေါ့"

သူ ညွှန်ပြသည့် နေရာသို့ ကျွန်မလှမ်းကြည့်လိုက်သည်။ ကံ့ကော်ပင်လေးက စိမ်းလန်းနေသည်။

"ကံ့ကော်ပန်းပွင့်ရင် ခူးပန်မယ်နော်"

"ရတာပေါ့။ ကျွန်တော်ကိုယ်တိုင်ခူးပေးမယ်"

သို့နှင့်ကျွန်မလည်း သူကမ်းပေးသော ရေပုံးကို ဆွဲလျက် မုန်လာပင်တန်းဆီ ထွက်လာခဲ့သည်။

(၃)

မိတ္ထီလာပညာရေးကောလိပ်အတွင်း တမာတန်းလည်းရှိသည်။ မန်ကျည်းတန်းလည်း ပေါများသည်။ ထနောင်းပင်လည်း ဝေဆာလျက်ရှိနေသည်။

သူနှင့်ကျွန်မ သိပ္ပံလက်တွေ့ခန်းရှေ့ တမာပင်ကြီးအောက် ထိုင်ခုံပေါ်တွင် ယှဉ်လျက်ထိုင်ဖြစ်ခဲ့သည်။

"ကျွန်တော် မြင်းလှည်းငှားလိုက်မယ်နော် ခင်ပြည့်"

"ငှားလေ ရွှေရောင်။ ဘယ်သွားမယ် စိတ်ကူးရှိလဲ"

"မိတ္ထီလာကန်ကြီး လှည့်ပတ်ကြည့်မလားလို့"

"ကောင်းတယ်။ သွားကြတာပေါ့"

ကျွန်မတို့ မြင်းလှည်းငှားရန် ကျောင်းဂိတ်ဝရှေ့ ထွက်ခဲ့သည်။ ကျွန်မနှင့်သူ မြင်းလှည်းပေါ် အတူထိုင်လျက် အကြည့်ချင်းလည်း ဆုံခဲ့သည်။ နှလုံးသားပုံရိပ်ချင်းလည်း ပွတ်တိုက်မိခဲ့သည်။

မိတ္ထီလာရေကန်က ပြာလဲ့လဲ့ရေလှိုင်းကလေးများနှင့်အတူ စင်ရော်ငှက်ကလေးများပျံဝဲနေကြသည်။

"ခင်ပြည့်က မိတ္ထီလာသူနော်"

"ဒါပေါ့ မိတ္ထီလာသူစစ်စစ်။ အညာသူပေါ့"

"အညာသူဆိုပေမဲ့ အညာရုပ်ရည်မပေါ်ဘူး။ အသားဖြူလွန်းနေတယ်"

သူ့အပြောကြောင့် ကျွန်မ ကြည်ကြည်နူးနူး ပြုံးလိုက်သည်။

"မိတ္ထီလာရေကန်ကြီးက နှစ်ကန်နော် ခင်ပြည့် "

"ဟုတ်တယ် ရွှေရောင်။ တောင်ဘက်ကန်နဲ့ မြောက်ဘက်ကန်ဆိုပြီး နှစ်ခုရှိတယ်။ ဒါပေမဲ့ ကန်ရေပြင်က တစ်ဆက်ထဲ ရေတစ်ပြင်ထဲ ရှိနေတာရယ်၊ မိုးရာသီမှာဆိုရင် မြောက်ဘက်ရေကန်က ရေတွေက တောင်ဘက်ရေကန်ကို စီးဆင်းကြတာရယ်က ထူးခြားတဲ့အချက်တွေပဲ လရောင်"

"ဟုတ်လား အံ့သြစရာပေါ့။ ငယ်ငယ်က မိတ္ထီလာကန်ကြီးကို အလောင်းစည်သူမင်းကြီးက တူးဖော်ခဲ့တယ်လို့ သိရတယ်။ ဖောင်တော်ဦးဘုရားလည်း တည်ထားခဲ့တယ်လေ"

"အမှန်ပဲ ရွှေရောင်။ မိတ္ထီလာကန်ကြီးက အတိတ်နိမိတ်လဲ ပြတတ်တယ်။ နတ်လည်းကြီးတယ်လို့ ရှေးယခင်အဆက်ဆက်ထဲက ယုံကြည်ကြတယ်လေ။ ပြီးတော့ မိတ္ထီလာကန်ကြီးက အံ့ဖွယ်ကိုးပါးလဲ ရှိသေးတယ် ရွှေရောင်"

"ဟုတ်လား ပြောပြပါအုံး ခင်ပြည့်"

" မိတ္ထီလာကန်ကြီးရဲ့ ပတ်လည်မှာ ဂူကိုးလုံး၊ ကုန်းကိုးကုန်း၊ အင်းကိုးအင်း၊ သိမ်ကိုးသိမ်၊ အိုင်ကိုးအိုင် ဆိုတဲ့ အံ့ဖွယ်ထူးခြားချက်တွေ ရှိတယ်"

"ထူးခြားလိုက်တာနော်။ ကျွန်တော်ကတော့လေ သဘာဝသယံဇာတလဲဖြစ်၊ လူသားတွေအတွက် အကျိုးလဲပြုတဲ့မိတ္ထီလာကန်ကြီးကို ချစ်တယ်ဗျာ"

ကျွန်မကို ကြည့်ကာ သူပြောလိုက်သော စကားကြောင့် ကျွန်မနှလုံးသား နွေးထွေးမှုကိုခံစားခဲ့ရသည်။ ရင်ခုန်တာ အချစ်ဆိုလျှင် သူ့စကားကြောင့် ကျွန်မ ရင်ခုန်ခဲ့ရသည်ဟု ဝန်ခံမိပါသည်။

(၄)

သူက စာကြိုးစားသူ။ စာအရေးအသားကောင်းသူ တစ်ယောက်ပါ။ နေ့ထူးနေ့မြတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွေမှာ ဆုရစာရင်းထဲ သူအမြဲပါတတ်သည်။ ကျွန်မကတော့ သူ့လောက်မကြိုးစားခဲ့သလို သူ့လိုလည်း စာမတော်ခဲ့ပါ။ သူ့ကိုကြည့်လိုက်တိုင်း စာအုပ်ကလေးအမြဲကိုင်ထားတတ်သည်။

မိတ္ထီလာ ပညာရေးကောလိပ်တွင် စိန်ပန်းနီ၊ ငုဝါ၊ ပိတောက်၊ စွယ်တော် စသည့် ပန်းပေါင်းစုံတို့ ရာသီအလိုက် ရနံ့သင်းပျံ့ခွင့်ရရှိသည်။ အညာရဲ့ သင်္ကေတ တမာတန်းတို့က ဝေဝေဆာဆာ စိမ်းလျက်နေကြသည်။

နှင်းစက်ကလေးများ တဖွဲဖွဲကျနေသည့် ဆောင်းရက် တစ်ရက်မှာ သူ့ကြောင့် ကျွန်မ ရင်ခုန်ခွင့်ရခဲ့ပြန်သည်။

"မောနေပြီလား ခင်ပြည့် ချွေးတွေထွက်နေလိုက်တာဗျာ။ ရော့ ကျွန်တော့် လက်ကိုင်ပဝါလေးနဲ့ ချွေးသုတ်လိုက် " သူကမ်းပေးသော ပဝါလေးကို ကျွန်မ လှမ်းယူလိုက်ပါသည်။

"မမောပါဘူး။ ချွေးထွက်တော့ အအေးဒဏ်ခံနိုင်တာပေါ့"

စကားမဆုံးခင် ကျွန်မရှေ့က သူ ထွက်သွားသည်။ ပဝါကလေးကို ကျွန်မဖြန့်ကြည့်လိုက်မိသည်။

ပဝါလေးတွင် အပြာရောင် ဆေးသားလေးဖြင့် ရေးထားသည့် စာတန်းလေးကြောင့် ဆောင်းနံနက်ခင်းမှာ ကျွန်မနှလုံးသားများက နွေးထွေးစွာရှိနေခဲ့သည်။

(၅)

"ရွှေရောင် ရွှေရောင်နဲ့ အဆက်သွယ်ရလား သူရဝင်း"

ကျွန်မ စကားကြောင့် သူရဝင်း ခေတ္တရပ်တန့် အသံတိတ်သွားသည်။

"နင် နင် တကယ် ဘာမှ မသိခဲ့တာလား ခင်ပြည့်"

သူရဝင်း၏ ကရုဏာသက်သော အကြည့်၊ စာနာသော အသံ၊ယူကြုံးမရသော မျက်ဝန်းများကြောင့် ကျွန်မ နှလုံးသားအတွင်း စိုးရိမ်မှု အပိုင်းအစများ လုံးထွေးဝင်ရောက်လာခဲ့ရသည်။

"ဘာဖြစ်တာလဲ။ သူဘာဖြစ်တာလဲ သူရဝင်း။ ငါနဲ့အဆက်သွယ်ပျက်သွားတာ ဆယ်နှစ်ကျော်ပြီ။ ငါတို့ လက်ထပ်မယ်ဆုံးဖြတ်ခဲ့ပြီး လပိုင်းလောက်မှာ သူငါ့ဆီ မဆက်သွယ်တော့ဘူး။ ငါ သူ့သတင်းတွေ စုံစမ်းပေမဲ့ သူ့ဇာတိမှာ ငါနဲ့သိတာ တစ်ယောက်မှမရှိဘူး။ ငါ ဘာသတင်းမှ မကြားခဲ့ရဘူး။ အခုဆို ဆယ်နှစ်ကျော်ပြီ""

"သူ နင့်ဆီကို လာခဲ့တယ် ခင်ပြည့်"

"ဟင့်အင်း။ သူ မလာခဲ့ဘူး။ သူ ငါ့ဆီကို မလာခဲ့ဘူး"

ကျွန်မ၏ အသံတွေ မယုံကြည်နိုင်စွာဖြင့် တုန်ခါနေခဲ့သည်။

"သူ နင့်ဆီကိုလာတယ်။ ဒါပေမဲ့ သူ နင့်ဆီကို မရောက်ခဲ့တာ"

"ဘာ၊ ဘာပြောတယ်"

"နင့် ဆီကို လာတဲ့လမ်းမှာ သူ ကားအက်စီးဒင့်ဖြစ်ခဲ့တယ်။ ဆေးရုံပို့ခဲ့ပေမဲ့ သူ့ အသက်ကို မကယ်နိုင်ခဲ့ဘူး။ ပြီးတော့၊ ပြီးတော့ "

ဝမ်းနည်းစိတ်ကို ထိန်းချုပ်နိုင်စွမ်း မရှိ

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးပြီးစီး



**ရေဦး အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် နှမ်း ၂၆၈၆၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၂၈၃၂၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မိုးနှမ်းဧက ၂၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးနှမ်းစိုက်ပျိုးမှုအနေနဲ့ အခုလက်ရှိအချိန်မှာတော့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး GAPနည်းစနစ်တွေနဲ့ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်ပျိုး တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးထားကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုး ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ရွာသစ်ကလေးကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊အခြားမိသားစုဝင်ငွေရစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ သရက်ချဉ်ကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၇ ရက်တွင် အဆိုပါကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ရွာသစ်ကလေးကျေးရွာရှိ ရပ်မိရပ်ဖများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့်ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့် မြို့နယ်မှ တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၄သန်းထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

➤ **စာမျက်နှာ ၂၄ မှအဆက်**

သောကြောင့် သူရဝင်း စကားဆက်မဆိုနိုင်ခဲ့။

"ပြောပါ သူရဝင်း။ သူ ငါ့ကို ၊ သူငါ့ကို"

ကျွန်မ မငိုမိအောင် ကြိုးစားခဲ့သည်။ ရစ်ဝဲလာသော မျက်ရည်စများကို မျက်တောင်ဖြင့် ခတ်ပစ်လိုက်သည်။

"သူ နင့်ကို သိပ်ချစ်ခဲ့တယ် ခင်ပြည့်။ နင်နဲ့ဆုံဖြစ်တဲ့အခါ လက်စွပ် ကလေးကိုပေးဖို့ ငါ့ကို ကတိအကြိမ်ကြိမ်တောင်းခဲ့တယ်။ ငါ သူ့အတွက် တာဝန်ကျေချင်တယ် ခင်ပြည့်ရယ်"

လက်ကိုင်အိတ်ကို ဖွင့်လိုက်၍ ရွှေဝါရောင် ဘူးကလေးကို ယူလျက် ကျွန်မဆီ ကမ်းပေးသည်။

ကျွန်မ ဘူးလေးကို ဖွင့်၍ လက်စွပ်ကလေးကို ကြည့်လိုက်သည်။ လက်စွပ်လေး၏ အတွင်းဘက်တွင် ကျွန်မနှင့်သူ၏ နာမည်အတိုကောက်ဖြစ်သော အင်္ဂလိပ်အက္ခရာ(S+K)ဟူသော စာလုံးလေးကို ထွင်းထားခဲ့လေသည်။

ကျွန်မငိုဖြစ်ခဲ့သည်။နာကျင်သော နှလုံးသားဝေဒနာကို ခံစားခဲ့ရသည်။ ကျွန်မထံသို့ သူရောက်လာလိမ့်မည်ဟု နေ့စဉ်မျှော်နေခဲ့သည်။ အခုတော့ သူကျွန်မထံ ဘယ်တော့မှ ရောက်လာနိုင်တော့မည် မဟုတ်ပေ။

(၆)

သူ စိုက်ပျိုးခဲ့သော မိတ္ထီလာပညာရေးကောလိပ်ထဲက ကံ့ကော်ပင်က ကံ့ကော်ပွင့်လေးများဖြင့် အစီအရီလှပနေသည်။ ကံ့ကော်ပင်လေး အောက်မှာ ခုံတန်းလေးကို ကျွန်မတပည့်လေးများ၏ အကူအညီဖြင့် ပြုလုပ်ဖြစ်ခဲ့သည်။

ကံ့ကော်ပန်းလေးကို တယုတယကိုင်ရင်း သူပြောခဲ့သည့် စကားလေးကို ပြန်ကြားယောင်နေမိသည်။

"ကျွန်တော်ကိုယ်တိုင် ခူးပေးမယ်"

"ကံ့ကော်တွေပွင့်နေပြီ ရွှေရောင်ရေ။ ခင်ပြည့် ပန်ဖို့ စောင့်နေတယ်"

ကျွန်မတီးတိုးရွတ်ဆိုလိုက်မိသည်။

ကံ့ကော်ပင်ခြေရင်းမှ မြေသားများကို ကျွန်မတူးဆွလိုက်သည်။ တူးထားသည့် တွင်းထဲသို့ ရွှေဝါရောင်လက်စွပ် ဘူးကလေးကို ထည့်၍ တစ်ချိန်က ရွှေရောင်ပေးခဲ့သည့် လက်ကိုင်ပဝါလေးကို ဖြန့်ခင်းအုပ်လိုက်သည်။ ပြီးတော့ မြေမှုန်ကလေးများကြဲဖြန့်လိုက်သည်။ မြေမှုန်တွေကြားမှာ ပဝါစပေါ်က စာတန်းလေးကို ကျွန်မအသံထွက် ဖတ်လိုက်သည်။

"ခင်ပြည့်ကို ရွှေရောင်ချစ်တယ်"

ကျွန်မ ပြုံးလိုက်မိသည်။ ရင်နှင့်အမျှ ခံစားခဲ့ရသော ကျွန်မ နှလုံးသားမှာ ရွှေရောင်ရဲ့အချစ်တွေ ကြွင်းကျန်ရစ်နေမှာမို့ ကံ့ကော်ပန်းတွေက န သက်သေပြုနေကြလျက်။ ။

## စည်းကမ်းကောင်းစို့

- လူတိုင်းသည် လမ်းမှန်ရေး
  လှမ်းကိုင်တွေး နည်းမှန်၊
  လိုက်နာဆောင် စည်းစနစ်
  ခေတ်သစ်ပုံစံ၊
  အုတ်မြစ်ချလို့ ဝန်းရံ
  အမိနိုင်ငံ ဘောင်မပျက်၊
  လူငယ်တွေ လမ်းမမှားစေဖို့
  ကြိုးစားဆောင်ရွက်။

- နည်းပညာ အဘက်ဘက်
  တိုးတက်လို့ နေချိန်ခါ၊
  ခေတ်နောက်ပြန် မဆွဲရေး
  ကြံတွေးသေချာ၊
  စိတ်ကောင်းလွှမ်း လောကမှာ
  မုဒိတာ နှလုံးသွင်း၊
  ကိုယ်နိုင်ရာ ပါဝင်ထမ်း
  ကြိုးပမ်းစေခြင်း။

- ပြည်မြန်မာ ဂုဏ်သတင်း
  ထုံးသင်းဖို့ ထာဝစဉ်၊
  နိုင်ငံတော် မပျက်စီးဖို့
  စည်းမဲ့ရှောင်ကြဉ်၊
  ခေတ်မီသော နိုင်ငံအသွင်
  ပြိုင်ဆိုင်ဆင် နေထိုင်သွား၊
  ဥပဒေ နည်းလမ်းကောင်းတွေနှင့်
  (ကွယ်တို့ရေ...)
  ပေါင်းစုကြိုးစား။

**ဈာန်လေး(ပညာရေး)**

# ကွန်ဟိန်းမြို့နယ် နမ့်လန်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့ခြင်း

**ကွန်ဟိန်း အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ဟိုပန်ကျေးရွာအုပ်စု နမ့်လန်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ဖြင့် နမ့်လန်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းစီမံကိန်းကိုကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်း တာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၂(၁)(င)ဆိုသည်မှာ



အိုးပိုင် အိမ်ပိုင်ဖြင့် မနေထိုင်နိုင်သူများသည် အိမ်ငှားနေကြရသည်။ ထိုသို့ နေထိုင်ရင်းဖြင့် အိမ်ရှင်နှင့် အိမ်ငှားကြား အငြင်းပွားမှုများ ပေါ်ပေါက်လေ့ရှိပါသည်။ ထိုအခါတွင် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ တရားစွဲဆိုမှုများရှိလာပါသည်။ စွဲဆိုမှု အကြောင်းအရာ အမျိုးအပြားရှိသည့်အနက် အိမ်ပိုင်ရှင်က မိမိငှားရမ်းထားသော အိမ်ငှားကို ဖယ်ရှားထွက်ခွာစေပြီး အိမ်ခန်းကို ပြန်လည်ရယူလိုမှုသည်လည်း မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂(၁)(င) အရ စွဲဆိုမှုဖြစ်ပြီး တရားရုံးများတွင် မကြာခဏတွေ့မြင်နေရပါသည်။ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့်အခန်းကိုပြန်လည်ရယူလိုကြောင်း ပြသနိုင်လျှင် အိမ်ငှားအပေါ် တရားစွဲဆိုနိုင်ကြောင်းဖြင့် နိုင်ငံတော်တရားရုံးချုပ်က စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါမည်။

ဒေါ်အေးလှသည် အင်းစိန်မြို့ ကမာရွတ် သုခလမ်းရှိ အိမ်ပိုင်ရှင်ဖြစ်သည်။ ထိုဥပစာတွင် အိမ်နှစ်ဆောင်ရှိရာ တစ်ဆောင်၌ လေးခန်းရှိပြီး ကျန်တစ်ဆောင်၌ နှစ်ခန်းရှိသည်။ ထိုအခန်းများ၌ အိမ်ငှားခြောက်ဦးရှိသည်။ ထိုအိမ်များသည် ဟောင်းနွမ်းယိုယွင်းနေသဖြင့် အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် အိမ်ငှားများကို ဖယ်ရှားပေးရန် အိမ်ရှင်က တရားစွဲဆိုသည်။ အိမ်ငှားများက အချင်းဖြစ်ဥပစာမှာ ကောင်းမွန်ခိုင်ခံ့သေးသည့်အလျောက် အိမ်ရှင်က အကြောင်းအားလျော်စွာ သဘောရိုးဖြင့်ရယူလိုသည်ဆိုခြင်းမှာ မမှန်ကြောင်း ထုချေကြသည်။ တရားရုံးက သဘောရိုးဖြင့် အိမ်သစ်ဆောက်ရန်ရယူလိုသည်ဟု မဆိုနိုင်ကြောင်း အဆုံးအဖြတ်ပြုကာ အိမ်ရှင်စွဲဆိုသောစွဲဆိုမှုကို ပလပ်ခဲ့သည်။ အိမ်ရှင်က တရားရုံးချုပ်သို့ အယူခံဝင်ခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အိမ်ရှင်တစ်ဦးသည် မိမိငှားရမ်းထားသောအိမ်ကို ပြန်လည်ဆောက်လုပ်ရန်အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုကြောင်းပြသနိုင်မှသာ အိမ်ငှားများအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေပုဒ်မ-၁၂(၁) (င)အရ ဒီကရီရနိုင်သည်ဖြစ်သည်။ ထိုကဲ့သို့ အမှုများတွင် အဓိကစဉ်းစားရမည့်အချက်မှာ အိမ်ရှင်သည် ငှားရမ်းထားသော အိမ်ကို အသစ်ပြန်လည်ဆောက်လုပ်ရန် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်း ဟုတ်၊ မဟုတ် ဆိုခြင်းပင် ဖြစ်သည်။

အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည်ဆိုခြင်းမှာ လိမ်လည်လှည့်ဖြား၍ မဟုတ်သည့်အပြင် ရယူလိုသည့်အကြောင်းလည်း ရှိရန်လိုပေသည်။ အိမ်ရှင်အနေဖြင့် မိမိအိမ်အဟောင်းကိုဖျက်ပြီး အိမ်သစ်ကိုအမှန်တကယ်ဆောက်လုပ်ရန် ရည်ရွယ်ချက်ရှိလျှင် အိမ်ရှင်အနေဖြင့် အိမ်ပြန်ဆောက်ရန် ရိုးဖြောင့်သောသဘောရှိသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုသို့ အိမ်ပြန်ဆောက်ရန် ရိုးဖြောင့်သောသဘောရှိရုံဖြင့် မပြီးသေးချေ။ အကယ်၍ ငှားရမ်းထားသော အိမ်မှာ မကြာမီကမှ ဆောက်လုပ်ခဲ့သည့် အိမ်အသစ်တစ်ဆောင်ဖြစ်နေပါက ထိုအိမ်ကိုဖျက်ပြီး နောက်ထပ်ကြီးကျယ်ခမ်းနားသည့် အိမ်အသစ်ပြန်လည်ဆောက်လုပ်မည်ဆိုလျှင် အိမ်ရှင်အနေဖြင့် ငှားရမ်းထားသောအိမ်ကို အကြောင်းအားလျော်စွာ ရယူလိုသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း တရားရုံးချုပ်က ဝေဖန်ပိုင်းခြား စိစစ်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် အိမ်ရှင်တစ်ဦးသည် ငှားရမ်းထားသောအိမ်ကို အမှန်တကယ်ဖျက်၍ အိမ်အသစ်ဆောက်လုပ်ရန် ရည်ရွယ်ချက်ရှိရမည်ဖြစ်ပြီး ထိုကဲ့သို့ အိမ်သစ်ဆောက်လုပ်ရန် အကြောင်းလည်းရှိမှသာ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(င)အရ အိမ်ငှားများအပေါ် ဒီကရီရရှိနိုင်မည်ဖြစ်သည်။ ဒေါ်သိန်းရွှေနှင့် အက်(စ်)အမ်းချောက်ဒူရီ ၁၉၆၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးအမှုတွင် ငှားရမ်းထားသော ဥပစာမှာ နှစ်ပေါင်း ၃၀ ခန့်ကြာသည်ဖြစ်ရာ အိမ်ရှင်အနေဖြင့် အိမ်အသစ်ဆောက်လုပ်ရန် သက်ဆိုင်ရာမြူနီစီပါယ်အဖွဲ့၏ အခွင့်အမိန့်ကို ရထားပြီးဖြစ်သည့်အပြင် အိမ်ရှင်သည် အိမ်အသစ်ဆောက်လုပ်ရန် ဓနအင်အားရှိသူတစ်ဦးဖြစ်၍ အကြောင်းအားလျော်စွာရိုးဖြောင့်သောသဘောဖြင့် ဥပစာကို ရယူလိုသည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း ဆုံးဖြတ်ထားရာ ထိုစီရင်ထုံးမှာ တရားရုံးချုပ် နှစ်ဦးထိုင်စီရင်ထုံးဖြစ်၍ လိုက်နာရမည့်တာဝန်ရှိကြောင်း တရားရုံးချုပ် တရားသူကြီးဦးသက်ဖေက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

ဤအမှုအခင်းဖြစ်ဥပစာမှာ နှစ်ပေါင်း၂၀ ကျော်ခန့်ရှိသည့် အဆောက်အအုံများဖြစ်ပြီး အိမ်အိုများဖြစ်သည်ဟုသက်သေများဖြစ်သည့် အမ်ဒါဝတ်နှင့် ဦးချစ်တင်တို့က ထွက်ဆိုထားကြသည်။ အိမ်ငှား ဦးမောင်လှိုင်က အမိုးမှသွပ်ကို အုတ်ခဲနှင့်ဖိထားရကြောင်း ဝန်ခံထားသည်။ အိမ်ငှား ကိုလောက အိမ်ပြင်ပေးရန် အိမ်ရှင်ကိုပြောဖူးကြောင်း ဝန်ခံချက်ရှိသည်။ အထက်ပါ အကြောင်းရပ်များကို ပေါင်းစပ်ကြည့်ရှုလျှင် အချင်းဖြစ်ဥပစာသည် ဟောင်းနွမ်းယိုယွင်းနေသည်ဆိုခြင်းမှာ ထင်ရှားသည်။ ထို့ကြောင့် အိမ်ရှင်သည် ငှားရမ်းထားသော အိမ်ကိုပြန်လည်ရယူရန် အကြောင်းရှိသည်ဟု ယူဆရမည်ဖြစ်သည်။ အိမ်ငှားတို့က ထိုဥပစာကို နောက်ထပ်၁၀နှစ်ခန့် နေထိုင်နိုင်သည်ဟု ဆိုကာမျှဖြင့် အိမ်ရှင်သည် အချင်းဖြစ်ဥပစာကို အကြောင်းအားလျော်စွာရယူလိုခြင်းမရှိဟု မဆိုနိုင်ကြောင်း တရားရုံးချုပ်က သုံးသပ်ခဲ့သည်။

အိမ်ရှင်သည် အိမ်အသစ်ပြန်လည်ဆောက်လုပ်ရန် အိမ်ပုံစံဆွဲ၍ မြူနီစီပါယ်၏အခွင့်အမိန့်ကို တောင်းခံပြီးဖြစ်သည်။ ပုံစံအရ အိမ်သစ်ဆောက်လုပ်ရန် အိမ်ရှင်တွင်ငွေကြေးအင်အားရှိသည်ဆိုခြင်းကို အိမ်ငှားများအနေဖြင့် ငြင်းဆိုခဲ့ကြခြင်းမရှိပေ။ သို့ဖြစ်ရာ အိမ်ရှင်သည် အိမ်သစ်ဆောက်လုပ်ရန်အတွက် ရိုးဖြောင့်သောသဘောဖြင့် ရယူလိုသည် ဟုလည်း ကောက်ယူရမည်ဖြစ်သည်။ အိမ်ငှားများ၏ ရှေ့နေကြီးက အိမ်ရှင်၏ အိမ်ပုံစံအရ လက်ရှိအိမ်ငှားများကို ပြန်လည်၍ အငှားချထားနိုင်မည်မဟုတ်၍ အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောနှင့် ရယူလိုသည်ဟုမဆိုနိုင်ကြောင်း၊ ပုဒ်မ-၁၂(၁)(င)အရဆိုလျှင် အိမ်ငှားများ အိမ်သစ်ဆောက်လုပ်ပြီးလျှင် ဥပစာကိုပြန်ပေးပါမည်ဟု ခံဝန်ချုပ်ချုပ်ဆိုရမည်ဖြစ်ရာ ပုံစံအရဆောက်လုပ်မည်ဆိုလျှင် ထိုခံဝန်ချုပ်အတိုင်း ဆောင်ရွက်နိုင်မည်မဟုတ်၍ အဆောက်အအုံမျိုးကိုလည်း ဆောက်လုပ်နိုင်ကြောင်း၊ လူနေ အိမ်ဆောက်လုပ်လျှင် မူလအိမ်အတိုင်း ပြန်လည်ဆောက်လုပ်ရန်မလိုကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ မိတ္တစားသုံးသူသမဝါယမအသင်းလီမိတက်နှင့် ကိုမူဆာ ၁၉၆၃ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး - ၈၁၈ တွင် ဆုံးဖြတ်ထားသည်ကို ဖော်ညွှန်းခဲ့ပါသည်။

“**မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးဥပဒေပုဒ်မ-၁၂(၁)(င) တွင် အဆောက်အအုံကိုသာ ဖော်ပြ၍ ပြုပြင်ဆောက်လုပ်ရာတွင် မည်သည့်အဆောက်အအုံဖြစ်ရမည်ဟု ဖော်ပြထားခြင်းမရှိသည်မှာ ပေါ်လွင်သည်။ ထို့ကြောင့် အိမ်ပုံစံတွင် အရောင်းအဝယ် အဆောက်အအုံပြုလုပ်ရန်မပါရုံဖြင့် အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလိုခြင်းမဟုတ်ဟူ၍ ဆုံးဖြတ်ရန်မသင့်ဟု ထင်မြင်သည်**” ဟု စီရင်ဆုံးဖြတ်ထုံးဖွဲ့ထားပါသည်။

အထက်ပါအကြောင်းအရာများကြောင့် အောက်ရုံးစီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး အိမ်ရှင်စွဲဆိုသည့်အတိုင်း အိမ်ငှားများကို အချင်းဖြစ်ဥပစာမှဖယ်ရှားပေးရန် ဒီကရီချမှတ်လိုက်ပါသည်။ အိမ်ရှင်သည် ဥပစာမှ အိမ်ငှားများပြောင်းရွှေ့ထွက်ခွာသွားပြီးနောက် ကိုးလအတွင်း အိမ်အသစ်ကို ပြီးစီးအောင်ဆောက်လုပ်ပါမည်ဟု ခံဝန်ချုပ်ချုပ်ဆိုရမည်။ အိမ်ငှားတို့သည် အိမ်ရှင်၏ တရားစရိတ်များကို ကျခံရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတရားစီရင်ထုံး ၁၉၆၆ခုနှစ်တွင် ပထမတွဲနှင့် ဒုတိယတွဲနှစ်တွဲထွက်ရာ ဒုတိယတွဲမှ ဒေါ်အေးလှနှင့် ကိုမောင်လှိုင် ၁၉၆၅ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ်-၅၆ ကို ရည်ညွှန်းကိုးကား

**❖အိမ်ရှင်တစ်ဦးသည် မိမိငှားရမ်းထားသောအိမ်ကို ပြန်လည်ဆောက်လုပ်ရန်အတွက် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုကြောင်းပြသနိုင်မှသာ အိမ်ငှားများအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး ဥပဒေ ပုဒ်မ-၁၂(၁)(င)အရ ဒီကရီရနိုင်သည်ဖြစ်သည်။ ထိုကဲ့သို့ အမှုများတွင် အဓိကစဉ်းစားရမည့်အချက်မှာ အိမ်ရှင်သည် ငှားရမ်းထားသောအိမ်ကို အသစ်ပြန်လည်ဆောက်လုပ်ရန် အကြောင်းအားလျော်စွာ ရိုးဖြောင့်သောသဘောဖြင့် ရယူလိုခြင်း ဟုတ်၊ မဟုတ်ဆိုခြင်းပင်ဖြစ်သည်။ ❖**

ဒီကရီမချပေးနိုင်ကြောင်း ထပ်မံတင်ပြလာခြင်းအပေါ် တရားရုံးချုပ်ကထပ်မံစိစစ်ဝေဖန်သုံးသပ်ခဲ့ပါ သည်။

ပုဒ်မ-၁၂(၁)(င)အရ အိမ်ငှားများ ဖယ်ရှားပေးရမည့်ဥပစာမှာ လူနေအိမ်ဖြစ်လျှင် နောက်ထပ်အသစ်ဆောက်လုပ်မည့်ဥပစာလည်း လူနေအိမ်ဖြစ်ရမည်ဟု ပြဋ္ဌာန်းထားခြင်း မရှိကြောင်း၊ ဥပဒေကအဆောက်အအုံ ပြန်လည်ဆောက်လုပ်ရန်သာ ပြဋ္ဌာန်းထားသဖြင့် လူနေအိမ်သာမက အခြားရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေသည် ယေဘုယျအားဖြင့် အိမ်ငှားများကိုကာကွယ်ပေးသည့် ဥပဒေဟု ယူဆနိုင်သော်လည်း အိမ်ရှင်ဘက်မှ ဥပဒေနှင့်အညီ တောင်းဆိုမှုကိုလည်း မှန်ကန်စွာ ရပ်တည်ကြောင်း တွေ့မြင်ရမည် ဖြစ်ပါသည်။

**စိန်လှိုင်ဗိုလ်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှစ၍ ကျင်းပမည်



**ကျိုက်ထို အောက်တိုဘာ ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှစ၍ ကျင်းပမည်ဖြစ်ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှက ပြောပြ၍ သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ် လပြည့်နေ့မှစ၍ ကဆုန်လပြည့်နေ့ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကာလတစ်လျှောက် ဘုရားဖူးပြည်သူများ အခမဲ့တည်းခိုနေထိုင်နိုင်ရန် ပြည့်စုံဇမ္ဗူရုံနှင့် ဆီမီး ၉၀၀၀ ဇမ္ဗူရုံကို စီစဉ်ထားရှိပြီး အခကြေးငွေပေးတည်းခိုနိုင်ရန်အတွက် ဟိုတယ်များ၊ တည်းခိုဆောင်များကိုလည်း စီစဉ်ထားကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့မှာ ဗုဒ္ဓပူဇနိယပွဲတော်ကို စတင်ကျင်းပတော့မှာဖြစ်တဲ့အတွက် ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြည်ညိုနိုင်ဖို့အတွက် ကျိုက်ထီးရိုးတောင်တက်မော်တော်ယာဉ်တွေ ကြံ့ခိုင်မှုရှိမရှိစစ်ဆေးမှုတွေကို ဘုရားသုံးဆူ ထိုင်တော်မူဘုရားတောင်ခြေမှာ ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်။ ပွဲတော်အစီအစဉ်တွေကတော့ ယခင်နှစ်အတိုင်း တောင်တော်ဖွင့်ပွဲနဲ့ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို သီတင်းကျွတ်လပြည့်နေ့မှာ စတင်ကျင်းပမှာပါ"ဟု ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှက ဦးစိုးလှက ပြောပြသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုမှုရှိနေပြီး ကျိုက်ထီးရိုးတောင်တော်ပေါ်သို့ နေ့စဉ် တောင်တက်ကား ငါးစီးခန့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ASH

# အင်ဂပူမြို့နယ် ကွမ်းခြံစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အင်္ဂပူ အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကွမ်းခြံစုကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ယခုဘဏ္ဍာနှစ်တွင် ကွမ်းခြံစုကျေးရွာ၌ တွင်းနက်တူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အင်္ဂပူမြို့နယ် ကွမ်းခြံစုကျေးရွာ၌ အကျယ် ၄ ဒသမ ၅လက်မ၊ အနက်ပေ ၄၀၀ရှိတွင်းနက်တူးဖော်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် အလျားပေ ၃၀၊ အနံပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ် ဇွန်လ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခြင်းကြောင့် ကွမ်းခြံစုကျေးရွာရှိ ကျေးရွာသူ၊ကျေးရွာသားများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၂၈၅၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျောက်မြောင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၂၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၆၇ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၁၂၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျောက်မြောင်းမြို့နယ်ခွဲမှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲ ၁၂၈၆၇ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၂၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီဖို့ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲ၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်စိုက်ပျိုးသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



# စလင်းမြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ပုကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကောဒသမအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေအရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အင်းပုတ်ကျေးရွာ၌ ကောဒသမအကြိမ် ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၄၁ ဒသမ ၈၅ သန်းကို မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့သည် မြို့နယ်တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ကောဒသမအကြိမ် ငွေကျပ် ၄၁ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သန်းသန်းစိုး**

# ပွင့်ဖြူမြို့၌ ရပ်ကွက်တွင်း ကွန်ကရစ်လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယခုဘဏ္ဍာနှစ် ဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်နှင့် အလယ်ပိုင်း ရပ်ကွက်တို့တွင် ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို အောက်တိုဘာ ၇ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် ကော်မတီအဖွဲ့ဝင်များက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့်ဝန်ထမ်းများလိုက်ပါ၍ ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်တွင် ရပ်ကွက်တွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အလယ်ပိုင်းရပ်ကွက်တွင် ကွန်ကရစ်လမ်းလမ်းပခုံးချဲ့ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီအောင် အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရပ်ကွက်တွင်းကွန်ကရစ်လမ်း များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ဌာနငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၂၀ သန်းအသုံးပြု၍ ပွင့်ဖြူမြို့ သက်တော်ရှည် ရပ်ကွက်ရှိ အင်ကြင်းလမ်း အရှည် ၈၃၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ယခုနှစ် အောက်တိုဘာ ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်ရှိ ဒေလီယာလမ်းအရှည် ၇၉၅ ပေကို တစ်ဖက်လျှင် အကျယ်သုံးပေ၊ အမြင့် ရှစ်လက်မစီရှိ လမ်းပခုံးချဲ့ခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဘိုလီးဗီးယားနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နေအိမ်များနှင့်စိုက်ခင်းများ ပျက်စီး



**လာပါဇ် အောက်တိုဘာ ၈**

ဘိုလီးဗီးယားနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နေအိမ်များနှင့် စိုက်ခင်းများ ပျက်စီးခဲ့ကြောင်း Tierra Foundation ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော သစ်တောမြေဧကပေါင်း ၂၄ ဒသမ ၇ သန်းကျော်ထိရှိနေပြီဖြစ်ကြောင်း Tierra Foundation က ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ် ဘိုလီးဗီးယားနိုင်ငံ အရှေ့ဘက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုတွေဟာ ဘိုလီးဗီးယားနိုင်ငံအတွက် သဘာဝဘေးအန္တရာယ်ကပ်ဘေးသဖွယ်လို ဖြစ်ခဲ့တယ်။ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေတွေပျက်စီးခဲ့တာရှိသလို သေဆုံးသူတွေ ထိခိုက်ဒဏ်ရာရသူတွေရှိခဲ့တယ်။ ဒါ့ပြင် လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေခဲ့သလို ရေထုအရင်းအမြစ်ကို ထိခိုက်ပျက်စီးစေခဲ့ပါတယ်"ဟု Tierra Foundation မှ သုတေသီ ဂျူအန်ပါဘလိုက ပြောကြားသွားခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံ ဆန်တာခရုဇ်ဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ခင်းဧက ၁၇ ဒသမ ၃ ဧကထိ ပျက်စီးခဲ့သည်။ ဆန်တာခရုဇ်ဒေသသည် ဘိုလီးဗီးယားနိုင်ငံ၏ အဓိကစိုက်ပျိုးရေးဒေသဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့မြစ်များ ရေခန်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအစီရင်ခံစာက ထုတ်ပြန်

**နယူးယောက် အောက်တိုဘာ ၈**

ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့မြစ်များ ရေခန်းခြောက်မှုများနှင့်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့မြစ်များ ယခုကဲ့သို့ ရေခန်းခြောက်မှုများနှင့် ရင်ဆိုင်နေရခြင်းသည် ရာသီဥတုဖောက်ပြန်မှုများကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အရေးပါသော မြစ်များရေခန်းခြောက်ရခြင်းသည် ကမ္ဘာ့စီးပွားရေးကိုပါ ထိခိုက်စေကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့၏ အောက်တိုဘာ ၇ ရက်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ရေအရင်းအမြစ်ဆိုင်ရာ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းရှိမြစ်ရေစီးဆင်းမှုများ အပူရှိန်ကြောင့် နိမ့်ဆင်းသွားခြင်းက ကမ္ဘာ့ရေပေးဝေမှုအပေါ်ပြင်းထန်သောဖိစီးမှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် မြစ်ရေပမာဏကျဆင်းခဲ့သော မြစ်များထဲတွင် အမေဇုန်မြစ်လက်တက်ကြီးများ၊ အမေဇုန်မြစ်ဝှမ်းများ၊ မစ္စစ္စပီမြစ်၊ ဂင်္ဂါမြစ်၊ မဲခေါင်မြစ် စသည့်မြစ်များ ပါဝင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုသို့ ကမ္ဘာတစ်ဝန်းမြစ်ရေပမာဏများကျဆင်းကာ မြစ်များရေခန်းခြောက်ခြင်းများကြောင့် ကမ္ဘာ့နိုင်ငံများသည် မြစ်များနှင့်ပတ်သက်ပြီး ထိရောက်သောရေစီမံခန့်ခွဲမှုများ၊ ပိုမိုကောင်းမွန်သော စောင့်ကြည့်ခြင်းနှင့် အချက်အလက်အသေးစိတ် မျှဝေခြင်းများကို ဆောင်ရွက်ကာ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်လာကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့မိုးလေဝသအေဂျင်စီက လူပေါင်း ၃ဒသမ၆ ဘီလီယံခန့်သည် တစ်နှစ်လျှင် အနည်းဆုံး တစ်လကြာ ရေလုံလောက်စွာ မရရှိမှုကို ကြုံတွေ့ရပြီး ၎င်းပမာဏသည် ၂၀၅၀ ပြည့်နှစ်တွင် ၅ဘီလီယံထိ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**



# အင်္ဂလန်နိုင်ငံ ရေဇရိယာများတွင် ရေအရည်အသွေးကျဆင်းမှုကြောင့် ဆယ်လမွန်ငါးမျိုးစိတ်ပေါက်ဖွားမှုနှုန်း ကျဆင်း

**လန်ဒန် အောက်တိုဘာ ၈**

အင်္ဂလန်နိုင်ငံ၏ ရေဇရိယာများတွင် အတ္တလန္တိတ်ဆယ်လမွန်ငါးမျိုးစိတ်များ ကျင်လည်ကျက်စားမှုနှုန်းမြင့်မားခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုမြန်ဆန်ပြီး ရေအရည်အသွေးကျဆင်းမှုကြောင့် ဆယ်လမွန် ငါးမျိုးစိတ်များ ပေါက်ဖွားမှုနှုန်းကျဆင်းလာကြောင်း ဗြိတိန်သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ထို့ပြင် ရေထုညစ်ညမ်းမှုကြောင့် အင်္ဂလန်နိုင်ငံရှိ ဆယ်လမွန်ငါးမျိုးစိတ်၏ ၉၀ ရာခိုင်နှုန်းမှာ အန္တရာယ်ရှိသည့်အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း၊ ဆယ်လမွန် ငါးမျိုးစိတ်များသည် အဖိုးတန်ငါးမျိုးစိတ်များဖြစ်သောကြောင့် ဆယ်လမွန်ငါးမျိုးစိတ်များပေါက်ဖွားမှုနှုန်း ကျဆင်းလာခြင်းကို ကာကွယ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေကြောင်း ဗြိတိန်သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က ထုတ်ပြန်ခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်ကတည်းက ဆယ်လမွန်ငါးတွေဟာ နှစ်စဉ် တစ်နှစ်ကို အကောင်ရေ ၁ ဒသမ ၄ သန်းလောက်ထိ အင်္ဂလန်နိုင်ငံရဲ့ရေဇရိယာတွေကို ပြန်လာကြတယ်။ အခုဆိုရင် ရေအရင်းအမြစ်ရဲ့ ရေအရည်အသွေးတွေလျော့ကျလာလို့ ပေါက်ဖွားမှုနှုန်းတွေပါ လျော့ကျလာပြီး နှစ်စဉ် အင်္ဂလန်နိုင်ငံရဲ့ ရေဇရိယာကိုပြန်လာနေကြ ဆယ်မွန်ငါးမျိုးစိတ်တွေရဲ့ လေးပုံပုံ သုံးပုံလောက်ပဲ ပြန်လာနိုင်တော့တယ်"ဟု ဗြိတိန်သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)၏ပြောရေးဆိုခွင့်ရှိသူ အလန်လိုဗယ်လ်က ပြောကြားခဲ့သည်။

အိုင်ယာလန်နိုင်ငံ၊ အိုက်စလန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင်လည်း အလားတူဖြစ်စဉ်မျိုးဖြင့် ရင်ဆိုင်နေရသော်လည်း အင်္ဂလန်နိုင်ငံက ရင်ဆိုင်နေရသည့် အနေအထားလောက် မဆိုးရွားသေးကြောင်း အလန်လိုဗယ်လ်က ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အမေရိကန်တွင် တိုက်ခတ်နေသော ခရစ်ခ်မုန်တိုင်းက အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဖြစ်လာနိုင်ဟု NHC သတိပေး

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းတွင် တိုက်ခတ်နေသော ခရစ်ခ်မုန်တိုင်းသည် အားကောင်းသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဖြစ်လာနိုင်ဟု အမေရိကန် အမျိုးသားဟာရီကိန်းစင်တာ (NHC) က အောက်တိုဘာ ၇ ရက်က သတိပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ခရစ်ခ်မုန်တိုင်းသည် အားကောင်းသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဖြစ်လာပြီး အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်း တစ်လျှောက်တွင်ကြီးမားသောလှိုင်းလုံးကြီးများဖြစ်ပေါ်နေကာ လေတိုက်နှုန်းလည်း ပြင်းထန်နေကြောင်း၊ ထို့ကြောင့် ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများအနေဖြင့် သတိပြုသွားလာကြရန်နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံပြည်သူများကိုလည်း မုန်တိုင်းသတိပေးချက်များကို နားစွင့်ကာ သတိပြုနေထိုင်ကြရန်နှင့် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြရန် အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက သတိပေးပြောကြားခဲ့သည်။

ခရစ်ခ်အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းသည် လက်ရှိတွင် အရီဇိုးနားပြည်နယ် အနောက်-အနောက်မြောက်ဘက် ၆၅၅မိုင် အကွာသို့ ရောက်ရှိနေပြီး မကြာမီအချိန်အတွင်း ပြည်နယ်၏ကုန်းတွင်းပိုင်းသို့ရောက်လာနိုင်ကြောင်း၊ လက်ရှိမှာ အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၇၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေကြောင်း မိုင်ယာမီအခြေစိုက် မိုးလေဝသအေဂျင်စီက ခန့်မှန်းချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KZ**

# မာလာဝီနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာရှားပါးမှုပြဿနာ အရေးပေါ် အခြေအနေဖြစ်နေကြောင်း WFP က ကြေညာ

**ရောမ အောက်တိုဘာ ၈**

အီတလီနိုင်ငံ ရောမမြို့တွင် အခြေစိုက်သည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က မာလာဝီနိုင်ငံတွင် မိုးခေါင်ရေရှားမှုပြဿနာကြောင့် စားနပ်ရိက္ခာရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်အခြေအနေမှာ ကပ်ဘေးသဖွယ်ဖြစ်နေပြီး အရေးပေါ်အဆင့်သို့ ရောက်ရှိနေကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

မာလာဝီနိုင်ငံ အစိုးရအဖွဲ့သည် မိုးခေါင်ရေရှားပါးမှုကြောင့် အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် ပြည်သူ ငါးသန်းကျော်ကို စားနပ်ရိက္ခာများ ဝေငှပေးနေသော်လည်း လုံလောက်မှုမရှိကြောင်း၊ လက်ရှိမာလာဝီနိုင်ငံတွင် ဖြစ်ပေါ်နေသော မိုးခေါင်ရေရှားမှုပြဿနာသည် အာဖရိကတိုက်တောင်ဘက်ပိုင်းတွင် ရာစုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အဆိုးရွားဆုံးသော မိုးခေါင်ရေရှားမှုပြဿနာဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီစဉ်(WFP)က ထုတ်ပြန်သွားခဲ့သည်။

"မာလာဝီနိုင်ငံက ရင်ဆိုင်နေရတဲ့ မိုးခေါင်ရေရှားပါးမှုပြဿနာကခန့်မှန်းရခက်တဲ့ အခြေအနေဖြစ်ပါတယ်။ မိုးခေါင်ရေရှားပါးမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းတွေပျက်စီးခဲ့ရတဲ့ ပမာဏကလဲ အတော်ကိုများနေတယ်။ ဒါကြောင့် ပြည်သူတွေဆိုးရွားတဲ့အငတ်ဘေးဒုက္ခနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်"ဟု မာလာဝီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကာလမ်ဘာက ပြောကြားခဲ့သည်။

မာလာဝီပြည်သူများ ရင်ဆိုင်နေရသည့် အငတ်ဘေးဒုက္ခပြဿနာကို ဖြေရှင်းရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီစဉ်(WFP) အဖွဲ့အစည်းနှင့် မာလာဝီအာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း မာလာဝီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ကာလမ်ဘာက ပြောကြားသွားခဲ့သည်။

မာလာဝီနိုင်ငံက ရင်ဆိုင်နေရသည့် မိုးခေါင်ရေရှားပါးမှုပြဿနာမှာ အယ်နီညိုရာသီဥတုကြောင့်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်မားနေခြင်းကြောင့် အယ်နီညိုရာသီဖြစ်ပေါ်သည့် ကာလကြာမြင့်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ကုမုဒြာ၏ ရေစီးကြောင်း ဝတ္ထုတိုကိုလေ့လာခြင်း

ပုသိမ်အောင်သန်းဦး

"ဒေါက်တာအောင်သူ မျက်စိအထူးကုဆရာဝန်ကြီး"

အဝင်ဝမှာပင် ဤဆိုင်းဘုတ်ကိုမြင်ရ၏။ ငွေရောင်လက်နေသော သတ္တုပြားလေးဝယ်ထွင်းထုထားသည့်စာလုံးများ၊ ဆရာဦးမောင်ဒိုးကို ကြိုဆိုကြလေပြီ။

ဆရာသည်ပြုံးလိုက်၏။ စိတ်သည်ကြည်လင်သွားသည်ထင်ရ၏။ သူသည် တစ်နေရာစာမျှလွတ်နေသော ညောင်စောင်းရှည်တစ်ခုသို့လာခဲ့၏။ အခန်းထဲတွင်လူများပြည့်ကျပ်လျက်၊ အခန်းတွင်းမှ ဆရာဝန်၏အသံကိုခပ်တိုးတိုးကြားနေသယောင်ရှိ၏။

ဦးမောင်ဒိုးသည် ဆေးလိပ်တိုကိုမီးညှိရန် ကြံလိုက်၏။ သို့တစေ အုတ်နံရံတစ်ဖက်ဝယ်ချိတ်ဆွဲထားသော ဆေးလိပ်မသောက်ရ စာတန်းကြောင့် လက်တွန့်သွား၏။ တစ်ဖန်နှစ်ခြိုက်စွာပင် ပြုံးမိ၏။ ဦးမောင်ဒိုးသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့အလှည့်ရောက်ရန် စောင့်ဆိုင်းရပေဦးမည်။ လူနာတို့ တစ်ထွေးကြီးရှိပေသေး၏။ ဤတွင် စိတ်သည် အတိတ်ကိုလွင့်၏။ အသိပုံကားချပ်တို့သည် အသက်ဝင်ကာ ယိမ်းထိုးကခုန်လာတော့၏။ ဆရာ့အာရုံဝယ် ရှင်သန်နိုးကြား၍ လာကြကုန်၏။ ဆရာဦးမောင်ဒိုးကား တသိတတန်းကြီးတွေးမိလေပြီ။

စာရေးဆရာမကုမုဒြာသည် ဒေါက်တာအောင်သူထံ ဆေးကုလာရင်း အတိတ်ကအဖြစ်အပျက်တွေကို ပြန်ရေးပြသည်။ ဆရာဦးမောင်ဒိုးသည် အတိတ်ကို တွေး၏။ ဤချိန်က မောင်အောင်သူ၏ဖခင်သည် မကျန်းမာသဖြင့် အလုပ်မှနားရသည်။ ထို့ကြောင့် မောင်အောင်သူကို ကျောင်းမှတစ်နှစ်နားစေပြီး လာမည့်နှစ်မှ ကျောင်းဆက်ထားရန်ဆန္ဒရှိသည်။ မောင်အောင်သူသည် ကိုးတန်းနှစ်တွင် ဂုဏ်ထူးသုံးဘာသာနှင့်အောင်၏။ ဆရာဦးမောင်ဒိုး၏ မြန်မာစာဘာသာတွင်လဲ ဂုဏ်ထူးရ၏။ ထို့ကြောင့် ပညာရေးတွင် ထူးချွန်သူဖြစ်သည်။

ယခုဖခင်က ကျောင်းဆက်မထားနိုင်ဟုဆိုသောအခါ ဆရာဦးမောင်ဒိုးသာမက ဇနီးသည်ဒေါ်ခင်မြကလည်းစိတ်မကောင်း၊ မောင်အောင်သူလိုပညာထူးချွန်သော၊ လိမ္မာသောကျောင်းသားတစ်ဦးကို ကျောင်းမထွက်စေချင်ကြပေ။ ထို့ကြောင့် သူတို့လင်မယားတိုင်ပင်၏။ မောင်အောင်သူရှေ့တွင်ပင် ဆရာဦးမောင်ဒိုး အိမ်ပြင်ရန်အတွက် သူ့လခထဲမှ စုဆောင်းထားသော ဝါးကျည်တောက်ထဲမှ ငွေများကိုထုတ်ယူလိုက်၏။

"လူကလေးမောင်အောင်သူ ဒီမှာကြည့်စမ်း"

"ဒါ. . . ဆရာ အိမ်ပြင်ဖို့အတွက် အနှစ်နှစ်အလလ စုဆောင်းထားတဲ့ငွေတွေပဲ၊ အခု မောင်အောင်သူ ကျောင်းဆက်နေဖို့ အခက်အခဲရှိနေတော့ ဆရာဒီငွေတွေနဲ့ မောင်အောင်သူတစ်နှစ် စာဆက်သင်နိုင်အောင်ဖန်တီးပေးပါ့မယ်"

ဆရာ့စိတ်၊ ဆရာ့စေတနာဖြင့် ကျောင်းဆက်နေရန် အခက်အခဲရှိနေသော ကျောင်းသားတစ်ဦးကို ကူညီလိုက်နိုင်သဖြင့် ဆရာဦးမောင်ဒိုးတို့ ဇနီးမောင်နှံ ကျေနပ်ခဲ့ပါသည်။

မောင်အောင်သူသည်လည်း ရိုကျိုးစွာဖြင့် ဆရာဦးမောင်ဒိုးတို့ဇနီးမောင်နှံကို ကန်တော့ခဲ့လေသည်။ ဆရာနှင့်ဆရာကတော်က ဆုပေး၏။ ထိုအချိန်ကပင် ဆရာဦးမောင်ဒိုး၏ ကြမ်းပြင်တွေဆွေးနေပြီ၊ အိမ်တိုင်တွေ အောက်ခြေပြတ်နေပြီ။ အမိုးတွေပေါက်ပြဲနေပြီ။ သို့သော် ဆရာဦးမောင်ဒိုးတို့ဇနီးမောင်နှံဝမ်းသာကြသည်။ အခက်အခဲရှိနေသော ကျောင်းသားတစ်ယောက်၏ ပညာရေးကို ပံ့ပိုးလိုက်ရသဖြင့် ကျေနပ်နေမိကြပါသည်။

ဆရာဦးမောင်ဒိုးအတိတ်ကိုလွမ်းမောတွေးတောပုံကိုပြပြီး ဆရာမကုမုဒြာသည်လက်ရှိအခြေအနေကို ပြသည်။ ယခုတော့ အတိတ်က ကျောင်းမနေနိုင်၍ ဆရာဦးမောင်ဒိုးထံ ငိုယိုကာအကူအညီတောင်းခဲ့သည့် မောင်အောင်သူသည် မျက်စိအထူးကုဆရာဝန်ကြီးဖြစ်နေပြီဖြစ်ကြောင်းပြသည်။

ဤတွင် မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာအောင်သူနှင့် ဆရာဦးမောင်ဒိုးတို့ လက်ရှိအခြေအနေကိုပြပါသည်။ သူတို့မြို့လေးသို့ ပြန်လည်ရောက်ရှိလာသော မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာအောင်သူအတွက် ဆရာဦးမောင်ဒိုးတို့ ဝမ်းသာကြပါသည်။ အကြောင်းမှာ ဆရာဦးမောင်ဒိုး၏ မျက်စိများကြည့်မကောင်းသည်မှာကြာပြီ။ မျက်မှန်တပ်၍လည်း မထူး၊မျက်လုံးများကကိုက်နေသည်၊ထို့ကြောင့် တပည့်ဖြစ်သူ မျက်စိအထူးကုဆရာဝန် မောင်အောင်သူနှင့် ပြကြည့်ရန် ဇနီးဖြစ်သူက တိုက်တွန်းသည်။

ကိုယ့်တပည့် ဆရာဝန်ပဲကွယ်။ ပိုက်ဆံယူမယ် မထင်ပါဘူး. . . ဟု ဆရာဦးမောင်ဒိုးက ပြောသော်လည်း ဇနီးဖြစ်သူက လိုလိုမယ်မယ် ယူသွားပါတော်။ တော်ကြာအရှက်ရနေပါဦးမည်ဟုဆိုသဖြင့် ငွေတချို့ယူလာခဲ့သည်။

ဒေါက်တာအောင်သူကိုမြင်လိုက်ရတော့ ဆရာဦးမောင်ဒိုးဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ ခန့်ညားသောမျက်နှာ၊ မြင့်သောအရပ်၊ ဖြူဝင်းသော အသားအရည်၊ ခိုင်မာသော ယောကျ်ားသွင်ပြင် လက္ခဏာတို့နှင့်ပြည့်စုံနေသော ဆရာဝန်ကြီးကား ကျက်သရေရှိလှပါဘိ။

ဒေါက်တာအောင်သူသည် ဆရာဦးမောင်ဒိုးကို မြင်လိုက်၏။ မျက်လုံးတို့သည် ဝိုင်းသွား၏။ နှုတ်ခမ်းတို့သည် တုန်လှုပ်သွား၏။

"ဆရာ. . . ဆရာ. . ."ဟုဆိုကာ သူ့ဆီပြေးလာ၏။ မာကြောင်း သာကြောင်းတွေပြောကြ၏။ မောင်အောင်သူ၏ ရုပ်မှာပြောင်းလဲမှုမရှိသေးဟုထင်၏။ ပါးစုန့်ကြီးတွေ ငယ်ငယ်ကလို ဖောင်းလျက်သာတွေ့နေရသေး၏။

"ဆရာ့မျက်လုံးကဘယ်လိုဖြစ်တာလဲ"

ဆရာမောင်ဒိုးက အကြောင်းစုံပြောပြ၏။ ထို့နောက် ဒေါက်တာအောင်သူကစမ်းသပ်စစ်ဆေးပြီး သောက်ရန်ဆေးများထုတ်ပေး၏။

"ဆရာ့မျက်လုံးက အားနည်းတာပါပဲ၊ သောက်ဖို့ဆေးယူသွားပါဆရာ"

သောက်ရမည့်အချိန်နှင့် ဆေးအညွှန်းများပြောပြ၏။ ဆရာမောင်ဒိုးက အိမ်ရှင်မပေးလိုက်သော ငွေနှစ်ရာကို အိတ်ကပ်ထဲမှထုတ်လိုက်၏။ မပေးလျှင်လည်း ဖြစ်ဟန်တူ၏။ သို့တစေ "ဘယ်လောက်ကျသလဲကွဲ့ မောင်အောင်သူ" တပည့်သည်ပြုံးလိုက်၏။ ဆရာဦးမောင်ဒိုးကလည်း လိုက်၍ပြုံး၏။ တပည့်သည် နှစ်နှစ်ကာကာကြီး ပို၍ပြုံးလိုက်လေသည်။

"အခြားသူတွေကိုတော့ စမ်းသပ်ခတင် နှစ်ရာ့ငါးဆယ်ယူပါတယ် ဆေးတွေက ဈေးကြီးတယ်ဆရာရဲ့၊ ဆရာကတော့. . ."

အပြုံးချင်းဆုံကြပြန်သည်။ ဆရာသည် အိမ်မှ အိမ်ရှင်မမျက်နှာကို ပြေးမြင်မိသည်။ သူ့ပိုက်ဆံလေးကိုထည့်သွားဆို၍သာ ဆောင်လာရသည်။ တပည့်က ယူမှာတဲ့လားကွယ်ဟု မြည်တွေးမိ၏။ ကြားလိုက်ရသည့်အသံကမူ ဦးမောင်ဒိုး၏ အသည်းနှလုံးကို ပါးပါးလှီးလိုက်သည် သို့သာတည်း. . .တဲ့။

ဆရာမကုမုဒြာသည် ဆရာနှင့်တပည့်တို့၏အနေအထားကို ဤသို့ရေးပြလိုက်သည်။

"ဆရာကတော့ ဆရာရယ်၊ ဆရာရင်းတပည့်ရင်းတွေပဲ နှစ်ရာပဲပေးပါတော့"

မှန်ခင်းထားသည့် စားပွဲပြောင်ပြောင်ပေါ်တွင်ကား ဦးမောင်ဒိုး၏ နှစ်ရာကျပ်တန်လေးသည် တလွင့်လွင့်ဖြင့် ကျန်ရစ်ခဲ့လေ၏။

❖ မြေလမ်းကား ကြမ်းတမ်းလှ၏။ သြော်...ဆရာမူ တပည့်အပေါ် ယခုထိပင် စိုးရိမ်ဆဲပါတကား၊ ဘဝလမ်းကိုသာ ညွှန်ပြနေသည် မဟုတ် ယခုထက်တိုင်ပင် မြေလမ်းကြမ်းနှင့် တပည့်ခြေလှမ်းတို့ကို ယှိုးမယ်ဖွဲ့၍ ကြင်နာသနားနေဆဲ၊ စိုးရိမ်နေဆဲပါတကား။ ဆရာမောင်ဒိုးသည် မြေနီလမ်းလေးမှ ခပ်သုတ်သုတ်လျှောက်လိုက်၏။ သူ့ရှေ့တွင်ရေစီးကြောင်းလေးတစ်ခုအား အမှတ်မထင်မြင်လိုက်ရ၏။ ကြည်လင်သန့်ရှင်းသောရေများသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းနေဆဲပါတကား။ ❖

ယခုထက်တိုင် အိမ်မပြင်ဖြစ်သေးသည့် အခြေအနေကိုကား ဆရာပြောရန်မလိုအပ်တော့ပါပြီ။

ရင်နင့်စရာကောင်းသော အဖြစ်အပျက်တစ်ခုရယ်ပါ။ ဤဝတ္ထုတိုကို ဆရာမကုမုဒြာသည် ၁၉၉၃ ခုနှစ် လောက်က ရေးခဲ့မည်ထင်ပါ၏။ ဤအခြေအနေက ငွေ ၂၀၀ ကျပ်သည် ယခု ၂၀၂၄ ခုနှစ် ငွေကြေးတန်ဖိုးနှင့်တွက်ဆကြည့်ပါက ငွေ နှစ်သောင်းမျှတန်ကြေးရှိလိမ့်မည်ဟု ထင်ပါသည်။

ဆရာ့ကျေးဇူးကို မသိနားမလည်သည့် တပည့်မိုက်ဟု ယူဆသော်ရနိုင်ပါသည်။ ဆရာ့အတွက် စိတ်မကောင်းပါ။ အလားတူ ဝတ္ထုတိုတစ်ပုဒ် ပညာတန်ဆောင် မဂ္ဂဇင်းတွင် ဖတ်ခဲ့ဖူးပါသည်။ အခြေအနေက စာမေးပွဲဖြေရန် အချိန်နီးကပ်နေသဖြင့် လမ်းတွင်တွေ့ရသည့်ကျောင်းသားလေးကို ဆရာက သူ့စက်ဘီးကယ်ရီယာပေါ်တွင်တင်ကာ စာမေးပွဲအချိန်မီဖြေနိုင်ရန် ပို့ဆောင်ပေးခဲ့ပါသည်။

တစ်နေ့ ထိုကျောင်းသားလေးသည် ဆရာဝန်ဖြစ်လာပါသည်။ ထိုအခါ မကျန်းမာ၍ ဆေးရုံသို့သွားနေသော ဆရာအိုကြီးမှာ မောပန်းသဖြင့် လမ်းဘေးသစ်ရိပ်အောက်တွင် နားနေခိုက် တစ်ချိန်က စာမေးပွဲအချိန်မီဖြေဆိုနိုင်ရန်အတွက် စက်ဘီးဖြင့် တင်ခေါ်ခြင်းခံခဲ့ရသောဆရာဝန်ကြီးသည် ဆေးရုံသို့အသွား လမ်းဘေးတွင် မောလွန်း၍ နားနေသော ဆရာအိုကြီးကို သူ့ကားဖြင့် တင်ခေါ်သွားခြင်းမရှိသည့် အကြောင်း ရေးသားထားသည့်ဝတ္ထုတိုဖြစ်ပါသည်။ အဆိုပါဝတ္ထုတိုများကိုဖတ်ကာ ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။ စိတ်မကောင်းသည့်ကြားမှပင် ဆရာမကုမုဒြာ၏ "ရေစီးကြောင်း"ဝတ္ထုတိုကို ဆက်ဖတ်မိပါသည်။

ဆေးရုံမှပြန်လာသော ဆရာဦးမောင်ဒိုးသည် ခြေများညောင်းကာ မျက်လုံးများပြာလာ၏။ သို့တစေ အားထည့်၍ လျှောက်ရလေသည်။ အိမ်က ဝေးပေသေး၏။ ဆိုက်ကားစီးရန် ပိုက်ဆံလည်း ငွေကနတ္တိ၊ တပည့်ချစ်က လိုလိုချင်ချင်ယူထားလိုက်ပြီ။

ဦးမောင်ဒိုးသည် ဈေးငယ်လေးတစ်ခုရှေ့သို့ရောက်လာ၏။ ဈေးလေးထဲမှ ကွေ့ဝင်လိုက်သော် အိမ်သို့ခြေလှမ်းအနည်းငယ်ဖြင့် ရောက်နိုင်လေသည်။ ဈေးငယ်လေး၏အဝသို့ဝင်လာ၏။ စိတ်မှာကား ဝမ်းနည်းလျက်၊ နာကျင်လှစွာခံစားရလျက် လူသည် ယိုင်ထိုးနေလေ၏။ နေမြင့်ပြီဖြစ်ရကား အချို့ဈေးသည်များပင်မရှိကြတော့၊ စောစောက မိုးရွာခဲ့သဖြင့် စိုစွတ်နေသော ဈေးလမ်းပေါ်မချော်မလဲအောင် ထိန်း၍လျှောက်နေရ၏။ သတိနှင့်လျှောက်နေရာမှ ခေါ်သံတစ်ခုကို တိုးတိုးကြားလိုက်ရ၏။

"ဟေ့ကောင် မောင်ဒိုး"

မော့၍ကြည့်လိုက်သောအခါ သစ်သီးဆိုင်တစ်ဆိုင်မှ ဝဝဖိုင့်ဖိုင့် အဘိုးကြီးတစ်ဦးကို သူတွေ့လိုက်ရသည်။ အဘိုးကြီးတွင် သွားများမရှိတော့၊ ပါးစပ်ကိုဟ၍ သူ့ကိုပြုံးပြီးကြည့်နေသည်။ သူမှတ်မိလိုက်ပြီ၊ မူလတန်းကျောင်းသားဘဝက မိမိကိုစာသင်ပေးခဲ့သော ဆရာကြီးဦးသိန်း၊ ဆရာကြီးက အိုလှပေပြီ၊ အသက်ပင် ရှစ်ဆယ်ကျော်ရှော့မည်။

"ဆရာကြီး ကျွန်တော့်ကို မှတ်မိတယ်နော်"

"မင်းတင်မကဘူး တပည့်အားလုံးကိုမှတ်မိတယ်။ ဒါ ဘယ်ကပြန်လာတာလဲ၊ ကြည့်ရတာ ယိုင်တိယိုင်တိုင်နဲ့ နေမကောင်းဘူးလား"

"လမ်းထိပ်ကပြန်လာတာ ဆရာကြီး"

မျက်လုံးကိုစွာချန်လုပ်၍ ဖြေလိုက်သည်။

"အသက်တွေက ခြောက်ဆယ်ကျော်ပြီ၊ ကျန်းမာရေးဂရုစိုက်သိလား မောင်ဒိုး ငါ့ကိုကြည့် ရှစ်ဆယ်ကျော်ပြီ၊ သွားမရှိတာကလွဲလို့ အဖျားအနာသိပ်မရှိဘူး၊ သန်တုန်းမြန်တုန်း စိတ်ဓာတ်ကြံ့ခိုင်တုန်းကွ"

ငယ်ဆရာကြီးရှေ့တွင် ဆရာဦးမောင်ဒိုး ရိုကျိုးစွာရပ်နေမိသည်။

"ဒါ ငါ့မြေးလေးဆိုင်ကွ၊ ငါက ကူရောင်းပေးနေတာ၊ မြေးလေးရေ...အဘကို ကြွပ်ကြွပ်အိတ်တစ်လုံးလှမ်းပေးပါအုံး"

ဆရာကြီးသည် လိမ္မော်သီးတောင်းထဲမှ ဝဝဖိုင့်ဖိုင့် လိမ္မော်သီး ငါးလုံးကို ကြွပ်ကြွပ်အိတ်ထဲထည့်လိုက်သည်။

"ရော့ဟေ့...မောင်ဒိုး အသက်ကြီးလာပြီကွ၊ ချိုချိုချဉ်ချဉ်လေးတွေ စားပေးရတယ်"

ဆရာမောင်ဒိုးမှာ ဆရာကြီးကိုတစ်လှည့် လိမ္မော်သီးကိုတစ်လှည့် ကြည့်နေမိသည်။

"ယူလေကွာ မောင်ဒိုး"

နေပါစေဟူ၍ပင်မပြောရက်တော့။ တုန်ရီသော လက်များဖြင့် ကြွပ်ကြွပ်အိတ်ကိုလှမ်းယူလိုက်သည်။

"မင်းထီးပါရဲ့လား"

"ပါပါတယ်ဆရာကြီး"

"ဖွင့်ဆောင်းလေကွာ၊မင်းနှယ်၊ကလေးလေးကျနေတာပဲ၊ နေမပြင်းပေမဲ့ နေရှိန်တယ်ကွ၊ တော်ကြာ မိုးဖွဲမိုးမှုန်တွေကျလာမှ...သွား သွား ချော်လဲအုံးမယ်ဟေ့"

မြေလမ်းကား ကြမ်းတမ်းလှ၏။ သြော်...ဆရာမူ တပည့်အပေါ် ယခုထိပင် စိုးရိမ်ဆဲပါတကား၊ ဘဝလမ်းကိုသာ ညွှန်ပြနေသည်မဟုတ် ယခုထက်တိုင်ပင် မြေလမ်းကြမ်းနှင့် တပည့်ခြေလှမ်းတို့ကို ယှိုးမယ်ဖွဲ့၍ ကြင်နာသနားနေဆဲ၊ စိုးရိမ်နေဆဲပါတကား။

ဆရာမောင်ဒိုးသည် မြေနီလမ်းလေးမှ ခပ်သုတ်သုတ် လျှောက်လိုက်၏။ သူ့ရှေ့တွင် ရေစီးကြောင်းလေးတစ်ခုအား အမှတ်မထင် မြင်လိုက်ရ၏။ ကြည်လင်သန့်ရှင်းသောရေများသည် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းနေဆဲပါတကား။ နှစ်သက်ဖွယ်ကောင်းသော လှပသောဝတ္ထုတိုလေးတစ်ပုဒ်ပါတကား။

**ကိုးကား**

**– ၁၉၉၄ ခုနှစ် ပခုက္ကူဦးအုံးဖေဝတ္ထုတိုပေါင်းချုပ် ပထမဆုရ ကုမုဒြာ၏အလင်းရောင်ဝတ္ထုတိုများမှ**

## 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်




၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည်ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ်နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ်အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်းပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆုအတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်းတွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။


# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၉၅၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၉၅၃၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နေကြာသီးနှံ ၉၅၉၅ ဧကစိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၉၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၅၇၁၂ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၂၆၃၀ နှင့် ချောင်းဦးမြို့နယ်တွင် ဧက ၂၅၀ စုစုပေါင်း ၉၅၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နေကြာသီးနှံ ၉၅၉၅ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၉၅၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧက ဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာ ပိုမိုစိုက်ပျိုးကြပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၂၄ ဧက၊ ဘုတလင်မြို့နယ်တွင် ၅၇၀၆ ဧက၊ အရာတော်မြို့နယ်တွင် ၂၇၃၇ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ၂၂၈ ဧက စုစုပေါင်း ၉၅၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာသီးနှံ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေး သင်တန်းများကို အရှိန်မြှင့် ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မုံရွာခရိုင်တွင် နေကြာ သီးနှံစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# သံတောင်ကြီးမြို့နယ် မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သံတောင်ကြီး အောက်တိုဘာ ၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သံတောင်ကြီးမြို့နယ် လိပ်သိုကြီးကျေးရွာအုပ်စု မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်သံတောင်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွှန့်နှင့် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကစီမံကိန်းအဖွဲ့ဝင်ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် လိပ်သိုကြီးကျေးရွာအုပ်စု မာဒေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းစီမံကိန်းအသင်းသား၊ အသင်းသူ ၄၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀ ဒသမ ၂၈ သန်း ထုတ်ချေးပေးထားကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**







## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်နေ ဦးမင်းစိန်-ဒေါ်သော်တာငြိမ်းငြိမ်းအောင် တို့၏သမီး **မဖြိုးအိခိုင် (၅/စကန (နိုင်)၃၀၈၁၁၆)** သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ မိသားစုအသိုင်းအဝိုင်းမှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းစိန်(၅/ဝလန(နိုင်)၁၆၁၂၉၂)**
**ဒေါ်သော်တာငြိမ်းငြိမ်းအောင်(၅/စကန(နိုင်)၁၇၅၁၀၁)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ.လ.က(ပလိပ်)စက်ရုံမြေ၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ဦး(၇/ဖမန(နိုင်)၁၁၃၉၇၅)၏သား မောင်ဝတီမောင်၏အမည်မှန်မှာ မောင်ရဲမာန်အောင် ဖြစ်ပါကြောင်း။ **မောင်ရဲမာန်အောင်**

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ ကန်ဘဲ့ကျေးရွာနေ မသိန်းထက်စိုး (ဘ) ဦးညိုဝင်း (၉/ရမသ(နိုင်)၂၃၀၄၄၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-515717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၂၃၀၉၈၈

**COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်...

❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်...

❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်နယ်အလိုက် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာ အဖွဲ့ဝင်များနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

